မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၈ ရက်၊ သောကြာနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၄၁)

ဒို့တာဝန်အရေးသုံးပါး ပြည်ထောင်စုမှသာလျှင်

ကြာမျိုးငါးပါးနဲ့ ပြည့်စုံတဲ့ ရေကန်ကြီးဟာ ကန်ပေါင် တည်တံ့မှ ရေရှိပြီး ကြာပွင့်နိုင်မှာဖြစ်သလို ဒို့တာဝန်အရေးသုံးပါး ပြည့်စုံမှသာလျှင် ဒီမိုကရေစီရေးဟာလဲ အစွန့်ရှည်ကြာ တည်တံ့ နိုင်မှာဖြစ်ပါတယ်။

ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အမျိုးသားညီလာခံကို စနစ်တကျကျင်းပခဲ့
အခြေခံဥပဒေတွင် အမှားအယွင်းများ၊ အားနည်းချက်များမပါရေး သတိထားရန်လို
ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ၊ ဒေသစွဲနှင့် တိုင်းတစ်ပါးသွေးခွဲ၍ ဖြစ်ပေါ်လာသော သံသယများဖယ်ရှား
ခိုင်မာသည့်အခြေခံဥပဒေပေါ်ပေါက်ရေး အချင်းချင်းနားလည်မှု၊ စာနာမှုအပြည့်ဖြင့် လက်တွဲ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ အဖွင့်မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ချစ်ကြည်လေးစားအပ်ပါသော အမျိုးသားညီလာခံကိုယ်စားလှယ်တော်များခင်ဗျား–

ကိုယ်စားလှယ်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ပျော်ရွှင်ချမ်းမြေ့စွာဖြင့် အမျိုးသားညီလာခံ၏ တာဝန်များကို အောင်မြင်ကျေပွန်စွာ ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်တောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

အချက်ကြီးသုံးချက်ရှိ

ကိုယ်စားလှယ်တော်များ သိရှိကြတဲ့အတိုင်း ၁၉၈၈ခုနှစ်က ဖြစ်ပွားခဲ့တဲ့ ဆူပူမှုအရေးအခင်းကြောင့် ပြည်ထောင်စုကြီးအတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး တရားဥပဒေစိုးမိုးမှုကင်းမဲ့ကာ အချုပ်အခြာအာဏာကို ထိပါးခြိမ်းခြောက်လာတဲ့အခြေအနေ၊ တိုင်းရင်းသားပြည်သူများဟာလဲ ကျီးလန့်စာစား စိုးရိမ်ထိတ်လန့်စွာနေကြရတဲ့ အင်မတန်အန္တရာယ်ကြီးမားတဲ့ အခြေအနေဆိုးကို လျစ်လျူရှု လက်ပိုက်ကြည့်နေလို့ မရနိုင်တာကြောင့် ကျွန်တော်တို့ တပ်မတော်ဟာ နိုင်ငံတော်တာဝန်ကိုယူခဲ့ရပါတယ်။ အဲဒီလို နိုင်ငံတာဝန်ကို ပခုံးပြောင်း တာဝန်ယူခဲ့တဲ့အချိန်ကစပြီး ကျွန်တော်တို့မှာ နိုင်ငံတော်နဲ့ အမျိုးသားရေး အကျိုးစီးပွား ပျက်ပြားမှာကို အထူးပဲစိုးရိမ်ခဲ့တဲ့ အချက်ကြီးသုံးချက်ရှိခဲ့ပါတယ်။

အဲဒီအချက်ကြီးသုံးချက်ကတော့–

- **ပြည်ထောင်စုကြီး ဖရိုဖရဲ ပြိုကွဲသွားမယ့်အန္တရာယ်၊**
- **တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်ရေး ပျက်ပြားပြီး ပဋိပက္ခတွေ ပြင်းထန်ပေါက်ကွဲလာတဲ့အထိ ဖြစ်ပွားစေမယ့်အန္တရာယ်၊**
- **နိုင်ငံတော်ရဲ့လွတ်လပ်ရေး တစ်နည်းပြောရရင် ပြည်ထောင်စုကြီးရဲ့ အချုပ်အခြာအာဏာနှင့် မြေ၊ ရေ၊ လေ ပိုင်နက်နယ်မြေ ဆုံးရှုံးမယ့်အန္တရာယ်တွေ ဖြစ်ပေါ်လာမှာကို စိုးရိမ်ကြောင့်ကြကြီးစွာ ဖြစ်ပေါ်ခဲ့တာပဲဖြစ်ပါတယ်။**

စာမျက်နှာ ၅ ကော်လံ ၁ ✡

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

ကျေးလက်နေပြည်သူများ လူမှုစီးပွားရေးဘဝ တိုးတက်စေရေး နှစ်ရှည်ပင် သုတေသနလုပ်ငန်းများ အလေးထားကြိုးပမ်းဖော်ထုတ်

တိုးတက်သည့် နိုင်ငံတိုင်းတွင် သုတေသနလုပ်ငန်းကို လွန်စွာအလေးထားကြသည်။ သိပ္ပံနှင့်နည်းပညာကို အခြေခံသော သုတေသနဖွံ့ဖြိုးမှုလုပ်ငန်းများသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ သုတေသနလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်အတွက် သိပ္ပံနှင့်နည်းပညာကို စိတ်ဝင်စားပြီး မလျော့သောဇွဲဖြင့် စမ်းသပ်လိုသည့် ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရန် ဖြစ်သည်။

သုတေသနပြုလိုသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၄)သင်တန်းဆင်းပွဲ အခမ်းအနား၌-

> **"ငယ်ရွယ်ပျိုမြစ်သည့်ကာလ၌ သိပ္ပံနှင့်နည်းပညာတိုးတက်အောင် သုတေသနလုပ်ငန်းများကို ဘဝပါ နှစ်မြုပ်ပြီး လုပ်ကိုင်ရန်လိုအပ်ကြောင်း၊ တစ်ကြိမ်၊ နှစ်ကြိမ်သာမက အကြိမ်မည်မျှပင်ဖြစ်ဖြစ် မရရအောင် စမ်းသပ်မည်ဆိုသည့် စိတ်ဓာတ်မျိုးရှိမှ ဆန်းသစ်သည့် ကိုယ်ပိုင်တီထွင်မှုအဆင့်သို့ ရောက်မည်ဖြစ်ကြောင်း"**

လမ်းညွှန်မိန့်ကြားခဲ့သည်။

သိပ္ပံနှင့်နည်းပညာအသစ်တွေ့ရှိမှုများသည် တစ်ခုပြီးတစ်ခု၊ ဆင့်ကဲဆင့်ကဲ အလွန်လျင်မြန်စွာ ဖြစ်ပေါ် တိုးတက်လျက်ရှိသည်။ ယင်းသို့ ဖြစ်ပေါ်တိုးတက်နေခြင်းသည် အစဉ်လေ့လာဆည်းပူး၍ အသစ်၊အသစ်သော သုတေသနပြု တီထွင်မှုများ၏ အသီးအပွင့်များသာ ဖြစ်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ကိုယ်ပိုင်အတတ်ပညာစွမ်းပကားဖြင့် နိုင်ငံ၏ရေမြေသဘာဝ သယံဇာတများကို အသုံးချကာ သိပ္ပံနည်းကျ သုတေသနပြုဖော်ထုတ်မှုများကို နိုင်ငံတော်က အားပေးကူညီပံ့ပိုးလျက်ရှိသည်။ နိုင်ငံတော်၏အားပေးကူညီပံ့ပိုးမှုများဖြင့် သုတေသနပြု လူငယ်ပညာရှင်များက အားထုတ်ကြိုးပမ်းလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းသည့် အသစ်တွေ့ရှိမှုများကို ရယူနိုင်လျက်ရှိသည်။

သုတေသနပြု လုပ်ငန်းများကိုဆောင်ရွက်ရာတွင် စက်မှုသုတေသန၊ ဆေးဝါးသုတေသန၊ မွေးမြူရေးသုတေသန၊ စိုက်ပျိုးရေးသုတေသန စသည်တို့ပါဝင်ပေသည်။ စိုက်ပျိုးရေးသုတေသနတွင် ဆန်စပါးစိုက်ပျိုးရေးနှင့် နှစ်ရှည်ပင်စိုက်ပျိုးရေး သုတေသနလုပ်ငန်းသည် ကျေးလက်နေပြည်သူများအတွက် အဓိကအကျိုးပြုမည့် သုတေသနလုပ်ငန်းများ ဖြစ်သည်။

သာဓကအားဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း နှစ်ရှည်သီးပင်များ အသုံးချရေးသုတေသနဌာန၌ ရော်ဘာ၊ ဆီအုန်း၊ သီဟိုဠ်၊ သရက်၊ မက္ကဒေးမီယား၊ ဆီသပြေ နှစ်ရှည်သီးပင်များနှင့်ပတ်သက်သော မျိုးထိန်းသိမ်းထားမှု၊ မျိုးကောင်းမျိုးသန့် ပွားများထုတ်လုပ်မှု၊ စိုက်နည်းစနစ်နှင့် အထွက်တိုးရန် သုတေသနစမ်းသပ်မှုနှင့် ဈေးကွက်ဝင်အမယ်သစ် (အမည်သစ်)များ ရှာဖွေစမ်းသပ်မှုတို့ကို သိပ္ပံနည်းကျ ဆောင်ရွက်လျက် ရှိသည်။

သုတေသနပညာရှင်များက ရော်ဘာစေးနှင့် ရော်ဘာသစ်ထုတ်လုပ်ရေးတွင် အထွက်ကောင်းပြီး အရည်အသွေး ကောင်းသည့် ရော်ဘာမျိုးသစ်ကိုးမျိုးကို ရော်ဘာပန်းဝတ်မှုန်မှ မျိုးကူးစပ်မှုကိုလည်းကောင်း၊ မျိုးစပ်ရရှိသည့် အပင်၏လက္ခဏာ၊ အရည်အသွေးများ စဉ်ဆက်မပြတ် သုတေသနပြုမှု၊ ပျိုးပင်မှစိုက်ခင်း၊ စိုက်ခင်းမှအစေး ရရှိသည်အထိ သုတေသနတွေ့ရှိချက်များကိုလည်းကောင်း၊ ဆီအုန်းစပ်မျိုး မျိုးစေ့များကို ပြည်တွင်း၌ ထုတ်လုပ်မှု၊ မျိုးစပ်သည့်လုပ်ငန်းဆောင်ရွက်မှု၊ ရရှိသည့်စပ်မျိုးကို အစို့ဖောက်မှုတို့ကို စမ်းသပ်ဆောင်ရွက်လျက် ရှိသည်။

ထို့အပြင် ရွှေကွမ်းသီးပင်နှင့် ပျိုးပင်များပွားများမှု၊ မက္ကဒေးမီးယားပင်များ ပျိုးထောင် မျိုးပွားမှုလုပ်ငန်း၊ သီဟိုဠ်သရက်အထွက်ကောင်းမျိုးနှင့် စားသုံးဆီသပြေမှ စားသုံးဆီထုတ်လုပ်မှုလုပ်ငန်းတို့ကို အောင်မြင်စွာ သုတေသနပြု ဆောင်ရွက်နိုင်ခဲ့သည်။

နှစ်ရှည်ခြံလုပ်ငန်းများသည် ကျေးလက်နေပြည်သူများအတွက် ဝင်ငွေကောင်းသည့် လုပ်ငန်းများ ဖြစ်သည်။ ထို့ကြောင့်ကျေးလက်နေပြည်သူများ၏ စီးပွားရေးဘဝလည်း ဖွံ့ဖြိုးတိုးတက်၊ စိုက်ပျိုးထုတ်လုပ်မှုလည်း တိုးတက်မြင့်မား၊ နိုင်ငံတော်အတွက်လည်း အကျိုးရှိသည့်နှစ်ရှည်ပင် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ပြုလုပ်ကြရန် ဖြစ်သည်။

သို့ဖြစ်ရာ အကျိုးစီးပွားဖြစ်ထွန်းစေမည့် နှစ်ရှည်ပင်သုတေသနလုပ်ငန်းများကို ကြိုးပမ်းဖော်ထုတ်ပြီး စိုက်ပျိုးထုတ်လုပ်သူ ခြံလုပ်ငန်းရှင်များအား ဖြန့်ဖြူးပေးခြင်းဖြင့် ကျေးလက်နေ စိုက်ပျိုးရေးလုပ်ကိုင်သူ ပြည်သူများ လူမှုစီးပွားရေးဘဝတိုးတက်မြင့်မားလာစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည် ။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အကြမ်းဖက်မှုတန်ပြန်ရေး နားလည်မှုစာချွန်လွှာ ဩစတြေးလျနှင့် ဘရူနိုင်းနိုင်ငံတို့ ချုပ်ဆို

ကင်ဘာရာ ဖေဖော်ဝါရီ ၁၆

ဩစတြေးလျနှင့် ဘရူနိုင်းနိုင်ငံတို့သည် အကြမ်းဖက်မှုတန်ပြန်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို အင်္ဂါနေ့က လက်မှတ်ရေးထိုးခဲ့ကြကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဒေါင်နာက ကြေညာသည်။ ယင်းအကြမ်းဖက်မှု တန်ပြန်ရေးနားလည်မှု စာချွန်လွှာသည် ဒေသတွင်းရှိ နိုင်ငံများနှင့် ဩစတြေးလျနိုင်ငံက ချုပ်ဆိုခဲ့သည့် (၁၀)ကြိမ်မြောက် စာချုပ်ဖြစ်သည်ဟု ဆိုသည်။

ဩစတြေးလျနိုင်ငံနှင့် အကြမ်းဖက်မှုတန်ပြန်ရေးနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီးဖြစ်သော နိုင်ငံများမှာ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ ဖီဂျီ၊ ကမ္ဘောဒီးယား၊ အိန္ဒိယနှင့် ပါပူဝါနယူးဂီနီတို့ဖြစ်ကြသည်။

လိုအပ်

အကြမ်းဖက်ဝါဒ၏ ခြိမ်းခြောက်မှုကို နိုင်ငံများ ဆောင်ရွက်မှုတစ်ခုတည်းဖြင့် မနှိမ်နင်းနိုင်ကြောင်း၊ ဒေသတလွှား ခိုင်ခိုင်မာမာနှင့် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်မှုသည် လိုအပ်ကြောင်း ဒေါင်နာက ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်မည်

ဩစတြေးလျနှင့် ဘရူနိုင်းနိုင်ငံတို့သည် အသစ်စက်စက် ချုပ်ဆိုလိုက်သော နားလည်မှုစာချွန်လွှာအရ လုံခြုံရေး၊ ဘဏ္ဍာရေး၊ ဥပဒေအာဏာထိရောက်ရေးနှင့် ကာကွယ်ရေးကိစ္စရပ်များအပြင် အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပို့ဆောင်ရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

မိမိတို့၏ သက်ဆိုင်ရာအဖွဲ့အစည်းများသည် အကြမ်းဖက်မှုကို ငွေကြေးပံ့ပိုးခြင်းအား တန်ပြန်ရန်အတွက် ၎င်းတို့၏ လက်ရှိ လုပ်ငန်းဆောင်ရွက်မှုအဆင့်အပေါ် တည်ဆောက်သွားမည်ဖြစ်သည့်ပြင် နယ်စပ်ထိန်းချုပ်မှုများကိုလည်း တင်းကျပ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ကြေညာချက်တွင် ဒေါင်နာက ပြောကြားထားသည်။

တိုးတက်စေမည်

အပြန်အလှန်သတင်းဖလှယ်ခြင်းနှင့် ထောက်လှမ်းခြင်း၊ ပူးတွဲလေ့ကျင့်ခြင်းနှင့် စွမ်းရည်တည်ဆောက်ခြင်းတို့သည် နိုင်ငံများ၏ လုံခြုံရေးကို တိုးတက်စေမည်ဖြစ်ကြောင်း ဒေါင်နာက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဝမ်းဗိုက်ထဲ၌ မူးယစ်ဆေးဝါး သယ်ဆောင်သူလေးဦး ဒါရက်ဆလမ်လေဆိပ်တွင် တန်ဇန်းနီးယားရဲ ဖမ်းဆီး

ဒါရက်ဆလမ် ဖေဖော်ဝါရီ ၁၆

တန်ဇန်းနီးယားရဲတပ်ဖွဲ့က ဝမ်းဗိုက်အတွင်း ပလတ်စတစ်အတောင့်များဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်သူလေးဦးအား အင်္ဂါနေ့က ဖမ်းဆီးလိုက်သည်။

ဒါရက်ဆလမ်နိုင်ငံတကာလေဆိပ်တွင် ပြီးခဲ့သောသီတင်းပတ်က တန်ဇန်းနီးယား ရှီလင်ငွေသန်း၄၀ (အမေရိကန်ဒေါ်လာ ၄၀၀၀၀)တန်ဖိုးရှိ ဘိန်းဖြူများ အဆိုပါနည်းဖြင့်သယ်ဆောင်မှုကို ဖမ်းဆီးလိုက်ကြောင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာအကြီးအကဲ အီဆာကာမူဂါဆာက ပြောကြားချက်ကို စီးတီးစင်သတင်းစာက ကိုးကားဖော်ပြသည်။

ဖမ်းဆီး

ဖေဖော်ဝါရီ ၉ ရက်တွင် ရဲတပ်ဖွဲ့က ယင်းလေဆိပ်၌ အီရန်နိုင်ငံ တီဟီရန်မှလာသူ လေကြောင်းခရီးသည်တစ်ဦးကိုဖမ်းဆီးပြီး ဆေးရုံသို့ခွဲစိတ်ရန် ပို့ခဲ့ရာ ဝမ်းဗိုက်အတွင်း ရေစိမ်ခံစက္ကူအိတ်ဖြင့် ထည့်ထားသော ဘိန်းဖြူအိတ်အလုံးငယ် ၅၉ လုံးကို တွေ့ရကြောင်း၊ အလေးချိန်အားဖြင့် ၅၉၀ ဂရမ်ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၂ ရက်ကလည်း တီဟီရန်မှလာသူ ခရီးသည်သုံးဦးအား စစ်ဆေးရာ အထက်ပါနည်းအတိုင်း ဘိန်းဖြူများသယ်ဆောင်လာကြောင်း၊ အိတ်အရေအတွက်မှာ ၁၆၄ အိတ်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အင်ဒိုနီးရှားသမ္မတ မလေးရှားခရီးစဉ်ပြီးဆုံး နှစ်နိုင်ငံကိစ္စရပ်များဆွေးနွေးပြီး ပြန်လည်ထွက်ခွာ

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၆

အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်းဘန်းသည် မလေးရှားနိုင်ငံသို့ နှစ်ရက်ကြာ သွားရောက်လည်ပတ်ပြီးနောက် အင်္ဂါနေ့က စင်ကာပူနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားသည်။

ဆူဆီလိုသည် မလေးရှားမှထွက်ခွာခြင်းမပြုမီ ပူထရာဂျာရား၌ မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီနှင့် နာရီဝက်ခန့် တံခါးပိတ် ဆွေးနွေးခဲ့သည်။

ရေးဆွဲ

မလေးရှားမြို့ စီမံကိန်းရေးဆွဲသူများသည် ဒီဇင်ဘာ ၂၆ ရက်က ဆူနာမီကြောင့် ပျက်စီးခဲ့သော ဘန်ဒါအာချေးမြို့ကို ပြန်လည်တည်ဆောက်ရန် အစီအစဉ်များ ရေးဆွဲလျက်ရှိသည်။ စင်ကာပူသို့ ထွက်ခွာသွားသော ဆူဆီလိုအား မလေးရှားဝန်ကြီးချုပ်က လိုက်ပါပို့ဆောင်ပေးခဲ့သည်။

ဆွေးနွေး

ဆူဆီလိုသည် တနင်္လာနေ့က မလေးရှားနိုင်ငံသို့ ရောက်ရှိခဲ့ပြီး ဆူဆီလိုနှင့် ဘာဒါဝီတို့သည် နှစ်နိုင်ငံကိစ္စရပ်များ၊ မလေးရှားနိုင်ငံတွင် တရားမဝင် အင်ဒိုနီးရှား အလုပ်သမားများကိစ္စ၊ အာချေးမြို့ ပြန်လည်တည်ထောင်ရေး၊ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံခေါင်းဆောင်များသည် နားလည်မှုစာချွန်လွှာနှစ်ခုကို လက်မှတ်ရေးထိုးရာ စီအင် ၂၃၅ လေကြောင်းပို့ဆောင်ရေးကိစ္စနှင့် မလေးရှားတွင် အင်ဒိုနီးရှားအလုပ်သမားများ ပြောင်းရွှေ့လုပ်ကိုင်ရေးကိစ္စတို့ ဖြစ်သည်။

အင်ဒိုနီးရှားသည် မလေးရှားနိုင်ငံ၏ ဆဋ္ဌမအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံ ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပြည်ထောင်စုကြီး၏ အကြီးဆုံး၊ အရှည်ဆုံး၊ အလှဆုံး၊ ဂုဏ်အယူရဆုံး သံလွင်တံတား(မော်လမြိုင်)

သံလွင်မြစ်ကူး(မော်လမြိုင်)တံတားကြီးကို ၅-၂-၂၀၀၅ ရက်နေ့၌ မင်္ဂလာအခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့ရာ နိုင်ငံတော်အကြီးအကဲ နိုင်ငံ့ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် တက်ရောက်အားပေး ချီးမြှင့်ခဲ့ပါသည်။

သံလွင်မြစ်ကြီး ရာသက်ပန်ခြားနေသည့် မွန်ပြည်နယ်၏မြို့တော် မော်လမြိုင်နှင့် မုတ္တမတစ်ဖက်ကမ်းကို ပေါင်းကူးဆက်သွယ်သည့် ဤမော်လမြိုင်တံတားကြီးသည် နိုင်ငံတော်၌ တည်ဆောက်ပြီးစီးခဲ့သည့် မြစ်ကူးချောင်းကူးတံတားကြီးများအနက် အရှည်လျားဆုံး၊ အကြီးမားဆုံးတံတားကြီးဖြစ်သည်။ တံတားပေါ်၌ ၂၈ပေကျယ်သည့် နှစ်လမ်းသွား မော်တော်ကားလမ်း၊ ၁၄ပေကျယ်သည့် ရထားလမ်း၊ ခြောက်ပေစီကျယ်သည့် လူသွားလမ်းနှစ်လမ်းပါရှိပြီး တံတားအရှည်မှာ မော်တော်ကားလမ်းအရ နှစ်မိုင်ကျော်၊ ရထားလမ်းအရ လေးမိုင်ကျော်ခန့်ရှိသည်။ မော်လမြိုင်မှ မုတ္တမတစ်ဖက်ကမ်းသို့ ခေါင်းဆေးကျွန်းအနီးမှဖြတ်၍ တည်ဆောက်ထားသည့် မြင်ကွင်းမှာ ရင်သပ်ရှုမောဖွယ်ရာဖြစ်သည်။ ကျယ်ပြန့်သောမြစ်ပြင်ပေါ်၌ တည်ရှိနေသည့် တံတားပုံစံမှာ ရိုးစင်းသော် လည်း မျက်စိတစ်ဆုံးမြင်ကွင်းကျယ်အတွင်း ခံ့ညားထည်ဝါမှုကိုသာမက လှပမှုကိုပါ ထပ်ဆင့်ထားလျက်ရှိသည်ဟု ခံစားမိသည်။ မော်လမြိုင်မြို့ကို ပို၍လှပသွားစေသည်။

တံတားတည်ဆောက်ထားသည့်နေရာမှာ သံလွင်မြစ်ကြီးနှင့် ဂျိုင်းမြစ်၊ အတ္တရံမြစ်တို့ ဆုံစည်းရာဖြစ်သည့်အတွက် ရေစီးသန်ပြီး ဝဲဂယက်များဖြစ်ပေါ်နေသည်။ မြစ်ရေနက်သလို မြစ်ပြင်ကျယ်ပြန့်ပြီး လေထန်သောနေရာမျိုးဖြစ်သည်။ တိုင်းတာရှာဖွေရရှိသည့် နေရာများအနက် အဖြစ်နိုင်ဆုံး၊ အကောင်းဆုံးနေရာကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ကွင်းဆင်းရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်အကြီးအကဲသည် တံတားတွေ၊ ဆည်တမံတွေကို ကိုယ်တိုင်ကိုယ်ကျ မတည်ဆောက်ရုံသာရှိသည်၊ တည်ဆောက်မှုလုပ်ငန်းများကို အစ၊ အလယ်၊အဆုံး စိတ်ဝင်စားသည်။ ကြည့်ရှုစစ်ဆေး အားပေးမှုများပြုသည်။ တည်ဆောက်ရေးအင်ဂျင်နီယာများ၏ အတွေ့အကြုံများနှင့် တင်ပြမှုများအပေါ် အပြန်အလှန်ဝေဖန်ဆန်းစစ်အကြံပြုသည်။ အတတ်ပညာရှင်တစ်ဦးမဟုတ်သော်လည်း အင်ဂျင်နီယာများနှင့်အတူ ထပ်တူထပ်မျှ နားလည်သိရှိခံစားနိုင်သည်အထိ လုပ်ငန်းသဘာဝများကို အကျွမ်းဝင်နေပြီဖြစ်သည်။

ဤသို့ဖြင့် တံတားကြီးပေါင်း နှစ်ရာနီးပါး၊ ဆည်တမံလုပ်ငန်းပေါင်း နှစ်ရာနီးပါး တစ်ခုပြီးတစ်ခု အောင်မြင်စွာ တည်ဆောက်လာနိုင်သည်နှင့်အမျှ မိမိတို့အင်ဂျင်နီယာအတတ်ပညာရှင်များ၏ အရည်အသွေးနှင့် အတွေ့အကြုံအပေါ် ပို၍အားကိုးယုံကြည်လာနိုင်သည်။ အင်ဂျင်နီယာများ၏ အရည်အသွေးစံနှုန်းနှင့် လုပ်နိုင်အားကိုလည်း စိတ်ချစွာ အကဲဖြတ်လာနိုင်သည်။ ထို့ကြောင့်လည်း ရှည်လျားလှသော မြစ်ပြင်ကျယ်ကို ဖြတ်ကူးသည့် ဤမော်လမြိုင်တံတားကြီးကို တည်ဆောက်စေခြင်းဖြစ်ရာ ယခုအောင်မြင်စွာ လက်တွေ့ရုပ်လုံးပေါ်ပြီဖြစ်သည်။

မြစ်ကြမ်းပြင်၌ ကျောက်သားအောက်ခံရှိသည့် ရေထန်မြေထန်သော ဤနေရာမျိုးတွင်နည်းလမ်းအမျိုးမျိုးရှာကြံပြီးတံတားတည်ဆောက်ရေးလုပ်ငန်းများကို ပင်ပင်ပန်းပန်းကြိုးကြိုးစားစား ကြံစည်အားထုတ်လုပ်ကိုင်ခဲ့ရခြင်းဖြစ်သည်။ သာမန်လုံ့လ ဝီရိယအား၊ သာမန်စိတ်ဓာတ်အင်အားတို့ဖြင့် ဤနေရာမျိုး၌ ဤလိုတံတားမျိုးကိုအောင်မြင်စွာတည်ဆောက်နိုင်ရန် မဖြစ်နိုင်ပေ။ ယခုကဲ့သို့ တံတားကြီးကို ခိုင်ခိုင်မာမာ လှလှပပ အောင်မြင်စွာ တည်ဆောက်နိုင်ခြင်းသည် မြန်မာအင်ဂျင်နီယာများ၏ တီထွင်ကြံဆမှု စွမ်းအားနှင့် စိတ်ဓာတ် အရည်အသွေးမြင့်မားမှုကို ပြဆိုနိုင်ခြင်းပင် ဖြစ်သည်။

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တွန်းတွန်းတိုက်တိုက်လက်တွေ့ အကောင်အထည်ဖော်သည့်အခါ အရင်းအနှီးပြည့်ပြည့်စုံစုံ မရှိသေးသည့်အတွက် မိမိတို့၌ အခြေခံရှိထားပြီးသည့် အတတ်ပညာနှင့်လုပ်အားတို့ကိုသာ အဓိကအားထား၍ အပင်ပန်းခံပြီး တီထွင်ကြံဆ၊ အားထုတ်လုပ်ကိုင်ကြရသည်။ နိုင်ငံခြားအကူအညီကို မျှော်ကိုးနေ၍ အစီးအပွားဖြစ်မလာနိုင်သည်ကို သိနေရပြီဖြစ်၍ ကိုယ့်ခွန်ကိုယ့်အားကိုသာ မှီခိုအားထုတ်ကြရသည်။ ရန်ကုန်မြို့အနီးမှ ငမိုးရိပ်ရေလှောင်တမံကို ကိုယ်ပိုင်စွမ်းအားဖြင့် အောင်မြင်စွာ တည်ဆောက်လာနိုင်သည့်အခါ သဖန်းဆိပ်ရေလှောင်တမံဟုခေါ်သည့် မူးမြစ်ဝှမ်းစီမံကိန်းကို ပြည့်စုံအောင်မြင်အောင် တိုးချဲ့ထူထောင်လာနိုင်သည်။ ရန်ကုန်မြို့ လှိုင်မြစ်ကူး ဘုရင့်နောင်တံတားနှင့် ပြည်မြို့အနီးရှိ ဧရာဝတီမြစ်ကူး နဝဒေးတံတားကို အောင်မြင်စွာ စတင်တည်ဆောက်နိုင်သည့်အစွမ်းအစသည် ဧရာဝတီမြစ်၊ သံလွင်မြစ်၊ ချင်းတွင်းမြစ်၊စစ်တောင်းမြစ် စသည့်မြစ်များကို ကျော်ဖြတ်သည့် ယခုကဲ့သို့သော တံတားကြီးများကို တစ်ခုပြီးတစ်ခု ရဲရဲတာဝန်ယူ တည်ဆောက်လာနိုင်သည်။ နိုင်ငံတော်က ကျောထောက်နောက်ခံပြု၍ အားပေးနေသဖြင့် ပို၍ပို၍ လုပ်ရဲကိုင်ရဲလာပြီး မိမိကိုယ်ကို ယုံကြည်လာခြင်းဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သံလွင်တံတား(မော်လမြိုင်) ဖွင့်ပွဲအခမ်းအနားတွင် အဖွဲ့ဝင်များနှင့်အတူ တံတားထိပ်မုခ်ဦး၌ ဖေဖော်ဝါရီလ ၅ရက်နေ့က ဤသို့ မှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

မော်လမြိုင်တံတားကြီး ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော်အကြီးအကဲက-

"ဤတံတားကြီးကို တည်ဆောက်ပေးချင်သည်မှာ နှစ်ကာလကြာပါပြီ၊ အခက်အခဲတွေရှိနေတဲ့အတွက် ချက်ချင်းလုပ်မပေးနိုင်ခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် ငွေရေးကြေးရေးအခက်အခဲနဲ့ အတတ်ပညာအခက်အခဲတွေ

ဦးဇော်

ကြောင့် အခြေအနေ၊ အချိန်အခါကို စောင့်ဆိုင်းနေခဲ့ရတာဖြစ်ပါတယ်"

"ယခုတော့ တိုင်းပြည်ရဲ့ စီးပွားရေးဟာ အတိုင်းအတာတစ်ရပ်အထိ တိုးတက်လာသလို အတတ်ပညာပိုင်းကလည်း တံတားအသေးစား၊ အလတ်စား၊ အကြီးစားတွေကို တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်လာနိုင်တာနဲ့အမျှ အတတ်ပညာနဲ့ အတွေ့အကြုံတွေကို စုဆောင်းလာနိုင်တာကြောင့် ဒီလိုတံတားကြီးမျိုးကို စတင်တည်ဆောက်လာနိုင်တာဖြစ်တယ်"

ထို့အပြင် ဒေသအတွင်းစီးဆင်းသည့် မြစ်ကူး ချောင်းကူးတံတားများအဖြစ် ဆက်လက် တည်ဆောက်ခဲ့ရာ တံတားကြီးစာရင်းဝင်တံတားပေါင်း အစင်း ၁၈၀ အထိပင် ရှိပြီဖြစ်သည်။ အဓိကရမြစ်ကူးတံတား ၁၄စင်းနှင့် ပေါင်းလိုက်ပါက တံတားကြီးပေါင်း ၁၉၄စင်းရှိသည်။ နည်းလှသည့် အတွေ့အကြုံမဟုတ်၊ တည်ဆောက်ချိန်ကလည်းမြန်သည်။ **၁၆နှစ်ကျော်ကာလအတွင်း တံတားကြီးပေါင်း ဤရွေ့ဤမျှ တည်ဆောက်နိုင်သည့်စံနှုန်းသည် ကမ္ဘာ့စံချိန်ပဲဟု တပ်အပ်သေချာ မပြောနိုင်သော်လည်း မြင့်မားလှသည့်စံချိန်ဖြစ်သည်။ မြန်မာပြည်သူပြည်သားများအတွက်မူ သွားရေးလာရေး လက်တွေ့အဆင်ပြေပြီး မြစ်ကူးချောင်းကူးရာ၌ ယခင်ကလို အချိန်ကုန်လူပန်း မဖြစ်ကြရတော့ဘဲ သက်သာမှု၊ လုံခြုံမှု၊ စိတ်ချမ်းသာရမှုတို့ကို အပြည့်အဝခံစားနေရပြီဖြစ်သည်။** ကိန်းဂဏန်းဖြင့် တွက်ချက်ဖော်ညွှန်း၍ မဖြစ်နိုင်သည့် ပြည်သူများခံစားနေရသော အကျိုးဆက်များကို ဧရာဝတီ၊သံလွင်၊ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ တံတားများ၌ ထင်သာမြင်သာနေသည်။

ထို့ကြောင့်လည်း တံတားဖွင့်ပွဲ၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ကရော၊ အိမ်ရှင်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်ကပါ မော်လမြိုင်တံတားကြီး မတည်ဆောက်နိုင်ခင်အချိန်က ခရီးသွားပြည်သူအများအနေဖြင့် ကူးတို့ရေယာဉ်စောင့်ဆိုင်းချိန်၊ မြစ်ကူးချိန်တို့ဖြင့် အချိန်ကုန်ရပုံ၊ ဤဘက်ကမ်း၊ ဟိုဘက်ကမ်းတို့၌ ပစ္စည်းတင်ရချ၊ နေရာလုရ၊ လူပင်ပန်း စိတ်ပင်ပန်းရပုံ၊ ရာသီဥတုပြင်းထန်လှိုင်းလေထန်သည့်ကြားမှ မြစ်ပြင်ကျယ်ကို အန္တရာယ်များစွာဖြင့် ကူးခဲ့ရပုံတို့ကို ထည့်သွင်း ပြောကြားသွားခဲ့သည်ကို မှတ်သားလိုက်မိသည်။ သံလွင်မြစ်ကြီးခြားနေမှုကြောင့် ဖြစ်ပေါ်ရသော ထိုအခက်အခဲများသည် ယနေ့ဆိုလျှင် အတိတ်မှာ ကျန်ရစ်ခဲ့ပြီ ဖြစ်သည်။

မွန်ပြည်နယ်အပါအဝင် ပြည်နယ်/တိုင်းများ၌ တည်ဆောက်ခဲ့သော ပေ၁၈၀အထက် တံတားသစ်ကြီးများနှင့် ပြည်နယ်/တိုင်းအလိုက် အကြီးဆုံးတံတားတွေကို ဆန်းစစ်ကြည့်နိုင်သည်။

> မြစ်ကြမ်းပြင်၌ ကျောက်သားအောက်ခံရှိသည့် ရေထန်မြေထန်သော ဤနေရာမျိုးတွင် နည်းလမ်း အမျိုးမျိုးရှာကြံပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများကို ပင်ပင်ပန်းပန်း ကြိုးကြိုး စားစား ကြံစည်အားထုတ် လုပ်ကိုင်ခဲ့ရခြင်းဖြစ်သည်။ သာမန်လုံ့လ ဝီရိယအား၊ သာမန် စိတ်ဓာတ်အင်အားတို့ဖြင့် ဤနေရာမျိုး၌ ဤလိုတံတားမျိုးကို အောင်မြင်စွာ တည်ဆောက်နိုင်ရန် မဖြစ်နိုင်ပေ။ ယခုကဲ့သို့ တံတားကြီးကို ခိုင်ခိုင်မာမာ လှလှပပ အောင်မြင်စွာ တည်ဆောက်နိုင်ခြင်းသည် မြန်မာအင်ဂျင်နီယာများ၏ တီထွင်ကြံဆမှုစွမ်းအားနှင့် စိတ်ဓာတ် အရည်အသွေးမြင့်မားမှုကို ပြဆိုနိုင်ခြင်းပင်။

စသည်ဖြင့်တိုင်းပြည်အတွက်၊ တံတားကြီးတွေအတွက် အရင်းအနှီးနှင့် အတတ်ပညာ စုဆောင်းလာရပုံကို အမြွက်မျှထုတ်ဖော် ပြောဆိုသွားသည်။ အမှန်တကယ်လည်း ၁၉၈၈ခုနှစ်နိုင်ငံ့တာဝန်ရယူစဉ်က နိုင်ငံတော်အစိုးရ၌ ဝန်ထမ်းလစာကိုပင်ပေးရန် ငွေကြေးအခက်အခဲရှိခဲ့သည်။ ထိုအချိန်ကာလအထိ ကြီးကြီးမားမား တံတားဆိုလျှင် ကိုယ်တိုင်ကိုယ်ကျ ဆောက်နိုင်အားမရှိ။ ဥပမာ-ရန်ကုန်-သန်လျင်တံတားနှင့် ငဝန်တံတား(ငါးသိုင်းချောင်း)တို့ကို ပြည်ပနိုင်ငံများနှင့် ပေါင်းစပ်တည်ဆောက်ခဲ့ရသည့် ဘဝမျိုးဖြစ်သည်။ ယခုတော့ မိမိကိုယ်ကို ယုံကြည်စိတ်ချစွာ မြစ်ကိုတွေ့လျှင်တံတားကိုတည်ဆောက်ရဲ နေပြီဖြစ်သည်။

သံလွင်မြစ်ပေါ်၌ မော်လမြိုင်တံတားကြီးမတိုင်မီ သံလွင်တံတား(ဘားအံ)၊ တာဆန်းတံတားနှင့်တာကော်အက်တံတားတို့ကိုတည်ဆောက်ခဲ့သဖြင့် စုစုပေါင်း သံလွင်မြစ်ကူးတံတားအသစ်လေးစင်း ရှိသွားပြီဖြစ်သည်။ ဧရာဝတီမြစ်ကူး တံတားသစ်ကြီးတွေအဖြစ် ဗလမင်းထင်တံတား(မြစ်ကြီးနား)၊ အနော်ရထာတံတား(ချောက်)၊ မကွေးတံတား၊ နဝဒေးတံတား(ပြည်)၊ ဗိုလ်မြတ်ထွန်းတံတား၊ မအူပင်တံတား၊ ဒေးဒရဲတံတား စုစုပေါင်း ဧရာဝတီတံတားသစ် ခုနစ်စင်း၊ ချင်းတွင်းမြစ်ကူးတံတားသစ် နှစ်စင်းအဖြစ် ဆင်ဖြူရှင်တံတားနှင့် မုံရွာတံတား၊ စစ်တောင်းမြစ်ကူး ရွှေကျင်တံတားစသည့် နိုင်ငံတော်၏ အဓိကရမြစ်များကို ကျော်လွှားသော တံတားသစ်ကြီးပေါင်း ၁၄စင်းကို အောင်မြင်စွာ တည်ဆောက်ခဲ့ပြီးဖြစ်သည်။

ပြည်နယ်/တိုင်း အလိုက် တံတားသစ်ကြီးများ

စဉ်	ပြည်နယ်/တိုင်း	တံတားသစ်ကြီးပေါင်း	အရှည်ဆုံးတံတား
၁	ကချင်ပြည်နယ်	၁၂	ဗလမင်းထင်တံတား =၂၆၈၈ပေ
၂	ကရင်ပြည်နယ်	၆	ဂျိုင်း(ဇာသပြင်)တံတား =၂၉၀၀ပေ
၃	ချင်းပြည်နယ်	၂	ကပ်တဲလ်တံတား =၄၈၀ပေ
၄	စစ်ကိုင်းတိုင်း	၁၇	ဆင်ဖြူရှင်တံတား =၄၉၅၇ပေ
၅	တနင်္သာရီတိုင်း	၇	ကျွဲကူး-ကျောက်ဖျာတံတား =၃၆၁၂ပေ
၆	ပဲခူးတိုင်း	၁၆	နဝဒေးတံတား =၄၁၈၃ပေ
၇	မကွေးတိုင်း	၁၅	မကွေးတံတား =၈၉၈၉ပေ
၈	မန္တလေးတိုင်း	၈	ဒုဋ္ဌဝတီရဲရွာတံတား =၇၁၇.၆ပေ
၉	မွန်ပြည်နယ်	၅	သံလွင်တံတား(မော်လမြိုင်) =၁၁၅၇၅ပေ
၁၀	ရခိုင်ပြည်နယ်	၃၁	ကစ္ဆပနဒီတံတား = ၂၅၁၃ပေ
၁၁	ရန်ကုန်တိုင်း	၂၄	ရန်ကုန်-သန်လျင်တံတား = ၅၉၇၇ပေ
၁၂	ရှမ်းပြည်နယ်	၁၁	သံလွင်တံတား(တာဆန်း) = ၉၀၀ပေ
၁၃	ဧရာဝတီတိုင်း	၄၀	ဗိုလ်မြတ်ထွန်းတံတား = ၈၅၄၄ပေ
	စုစုပေါင်း	**၁၉၄**	

စာမျက်နှာ ၄ ကော်လံ ၁သို့

မြန်မာ့ရုပ်မြင်သံကြား

၁၈–၂–၂၀၀၅
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချို့အေးမင်္ဂလာတေး
၇:၅၅	၅။	အကပြိုင်ပွဲ
၈:၁၀	၆။	ကြေးမုံရိပ်သွင် တေးနုယဉ်
၈:၂၀	၇။	ကံတင်ဘီးလင်း ရေလှောင်တမံ
၈:၃၀	၈။	International News
၈:၄၅	၉။	English for Everyday Use
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ၊ ရူပဗေဒ၊ သချာၤအထူးပြု) (ရူပဗေဒ)
၁၇:၀၀	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၃၀	၇။	အတီးပြိုင်ပွဲ
၁၇:၄၀	၈။	နည်းစနစ်မှန်မှန်အားကစားအခြေခံ
၁၇:၅၀	၉။	တေးဂီတအစီအစဉ်
၁၈:၀၅	၁၀။	**"တော်ပါပေတယ် ဘိုးဘိုးရယ်"** မျိုးသန္တာထွန်း၊ ကြည်စိုး၊ တင်တင်လှ (ဒါရိုက်တာ–ကြည်စိုး)
၁၈:၁၀	၁၁။	Discovery
၁၈:၁၅	၁၂။	နှောင်းခေတ်တေးပဒေသာ
၁၈:၃၀	၁၃။	ညနေခင်းသတင်း
၁၉:၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"** (အပိုင်း–၈)
၁၉:၃၅	၁၆။	"တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကလှုပဝေဆာ"
၁၉:၄၅	၁၇။	**အမျိုးသားညီလာခံဂုဏ်ပြုတေး**
၂၀:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	မြန်မာရုပ်ရှင် **"ချစ်ချစ် ချစ်တဲ့ကိုကို"** (အပိုင်း–၂) လွှင်မိုး၊ သုမောင်၊ ထက်ထက်မိုးဦး (ဒါရိုက်တာ–ကြီးမြင့်)
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့အမိန့်ဗျာန်

စည်းလုံးခြင်းသည် အင်အား

"တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် မည်သို့သောအဖျက်အမှောင့်မှန်သမျှကိုမဆို တွန်းလှန်ချေမှုန်း၍ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် အရောက်ချီတက်ကြပါစို့"

လှည့်လည်ကြည့်ရှု

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံ**အမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များ** အမျိုးသားညီလာခံ ကျင်းပလျက်ရှိသည့် ညောင်နှစ်ပင်စခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ရှင်းလင်းတင်ပြသွားသည့် အလုပ်ကြိုသဘာပတိများ၏ ရှင်းလင်းချက်များကို ဆက်လက်ဖော်ပြသွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏တင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ ကိုယ်စား အလှည့်ကျသဘာပတိများဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှနှင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခ)ဦးလှမြင့်တို့၏ ရှင်းလင်းတင်ပြချက်များကို ၁၉–၂–၂၀၀၅ ရက်ထုတ် သတင်းစာများတွင် ဖော်ပြသွားမည်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ သံရုံးယာယီတာဝန်ခံများနှင့် သံတမန်များ ညောင်နှစ်ပင်စခန်းအတွင်းလှည့်လည်ကြည့်ရှုလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ခေါင်းဆောင်နာယက တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E Mr. Li Jinjun နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံ သံရုံးတို့မှ သံအမတ်ကြီးများ၊ နီပေါနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံ သံရုံးတို့မှ သံရုံးယာယီတာဝန်ခံများ၊ အီဂျစ်အာရပ်သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သံတမန်များနှင့်ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူးတို့အား အမျိုးသားညီလာခံသို့ တက်ရောက်လေ့လာအပြီးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ပုဂံစားရိပ်သာ၌ ဂုဏ်ပြုလက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံသည်။

ဝယ်ယူအားပေး

ယင်းနောက် သံတမန်များသည် အမျိုးသားညီလာခံ ကျင်းပလျက်ရှိသည့် ညောင်နှစ်ပင်စခန်းအတွင်း လှည့်လည်လေ့လာကြပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာအရောင်းဆိုင်သို့ဝင်ရောက်၍ ဝယ်ယူအားပေးကြသည်။

ထို့နောက် သံတမန်များသည် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အိပ်ဆောင်များ၊ အားကစားခန်းမ၊ ဂေါက်ကွင်းနှင့်ဆေးရုံတို့ကို မော်တော်ယာဉ်များဖြင့် ဆက်လက်လှည့်လည်ကြည့်ရှုလေ့လာကြပြီး နံနက် ၁၀ နာရီခွဲတွင် ညောင်နှစ်ပင်စခန်းမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

ထို့ပြင် **နိုင်ငံတော်၏ အရှည်ဆုံးတံတားများအဖြစ်** တန်းစီကြည့်မည်ဆိုက–

၁။	သံလွင်တံတား(မော်လမြိုင်)	=	၁၁၅၇၅ ပေ
၂။	မကွေးတံတား	=	၈၉၈၉ ပေ
၃။	ဗိုလ်မြတ်ထွန်းတံတား	=	၈၅၄၄ ပေ
၄။	ရန်ကုန်–သန်လျင်တံတား	=	၅၉၇၇ ပေ
၅။	အနော်ရထာတံတား	=	၅၁၉၁ ပေ
၆။	ဆင်ဖြူရှင်တံတား	=	၄၉၅၇ ပေ
၇။	ချင်းတွင်းတံတား (မုံရွာ)	=	၄၇၀၀ ပေ
၈။	နဝဒေးတံတား	=	၄၁၈၃ ပေ
၉။	ဒေးဒရဲတံတား	=	၄၀၈၈.၃ ပေ
၁၀။	အောင်ဇေယျတံတား	=	၃၇၈၆ ပေ
၁၁။	မဟာဗန္ဓုလတံတား	=	၃၆၄၃ ပေ
၁၂။	ကျွဲကူး–ကျောက်ဖျာတံတား	=	၃၆၁၂ ပေ
၁၃။	လှိုင်တံတား(ရွှေပြည်သာ)	=	၃၄၁၆ ပေ
၁၄။	ဝါးခယ်မတံတား	=	၃၀၂၀ ပေ
၁၅။	ဂျိုင်း(ဇာသပြင်)တံတား	=	၂၉၀၀ ပေ

စသည်ဖြင့် တွေ့မြင်ရမှာ ဖြစ်သည်။ ဤကဲ့သို့ လက်စွမ်းလက်စ ပြောင်မြောက်စွာဖြင့် တံတားကြီးများကို ကိုယ့်ခွန်ကိုယ့်အားဖြင့် တည်ဆောက်နိုင်သည့်အတွက်လည်း ကမ္ဘာ့အင်ဂျင်နီယာ အသင်းများအဖွဲ့ချုပ်၊ အာဆီယံဒေသဆိုင်ရာ အင်ဂျင်နီယာအဖွဲ့ချုပ်တို့ကပင် အလေးထား အသိအမှတ်ပြုလာရသည်။

ဤသည်မှာ နိုင်ငံတော်နှင့် အတတ်ပညာရှင်တို့၏ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်မှု၊ ကြိုးပမ်းကြိုးဆအားထုတ်မှုတို့၏ အကျိုးရလဒ်များပင်ဖြစ်ရာ တစ်မျိုးသားလုံးအနေဖြင့် ဝမ်းသာလှိုက်လှဲဂုဏ်ယူကြရမည့် အောင်ပွဲခံမှုများဖြစ်သည်။ ဤသို့ မိမိလူမျိုး၏ အရည်အသွေးနှင့် စိတ်ဓာတ်စံနှုန်းတို့ မြင့်မြင့်မားမား မှတ်ကျောက်တင်နိုင်မှုအပေါ် ကိုယ်တိုင်ကိုယ်ကျ အားပေးပျိုးထောင်ခဲ့သည့် နိုင်ငံတော်အကြီးအကဲအနေဖြင့် ဆိုဖွယ်ရာမရှိ၊ ဂုဏ်ယူပီတိဖြစ်နေမည်မှာ အမှန်ပင် ဖြစ်သည်။ မော်လမြိုင် သံလွင်တံတားကြီးကို နံနက်ပိုင်း၊ ညနေပိုင်း၊ ညပိုင်းတို့၌ ထပ်ခါထပ်ခါ ဖြတ်သန်းကြည့်ရှုခံစားသည်။ ကျိုက်သလ္လံဘုရားရင်ပြင်ပေါ်မှလည်း ဝမ်းသာအားရကြည့်ရှုသည်။

ကြည့်ရှုခံစားစရာတံတားများသည် မော်လမြိုင်မြို့ ပတ်ဝန်းကျင်၌ သံလွင်တံတားကြီးအပြင် အတ္တရံတံတား၊ ဂျိုင်း(ဇာသပြင်)တံတားတို့လည်းရှိသည်။ ယင်းတံတားများကြောင့် မော်လမြိုင်နှင့်ဘားအံ တစ်နာရီကျော်မျှအတွင်း မြန်မြန်ဆန်ဆန် ကူးလူးသွားလာနိုင်သည်။ တနင်္သာရီတိုင်းနှင့်ဆိုလျှင် မော်တော်ကားဖြင့်ရော၊ ရထားဖြင့်ပါ သွားလာ၍ ရနေပြီဖြစ်သည်။ တည်ဆောက်နေသော စစ်တောင်းမြစ်ကူး မုပ္ပလင်တံတားသစ်ပြီးသွားလျှင် ခရီးသွားလာမှု ပို၍ အဆင်ပြေလာမှာဖြစ်သည်။ ထို့ကြောင့်မော်လမြိုင်သည် သံလွင်မြစ်တစ်ဖက်ကမ်း၌ ကူးသန်းသွားလာရာ အချက်အချာကျသည့် မြို့ကြီးအဖြစ် စည်ကားလာဦးမှာဖြစ်သည်။

ထို့ကြောင့်လည်း နိုင်ငံတော်အကြီးအကဲက မော်လမြိုင်မြို့၏ တိုးတက်ဖွံ့ဖြိုးမည့် ရှေ့အလားအလာကိုတွက်ဆ၍ ဘူတာသစ်ကြီးကို တည်ဆောက်စေသကဲ့သို့ မော်တော်ယာဉ်ရပ်နားစခန်း မြေနေရာကိုလည်း ရှာဖွေခိုင်းထားသည်။ နိုင်ငံတော်အပိုင်းက ပံ့ပိုးစရာ၊ လုပ်ပေးစရာရှိသည်များကို ပြည်ထောင်စုကြီးအတွင်း ကျောသားရင်သားမခြား လုပ်ကိုင်ပေးနေသည်ဖြစ်ရာ မွန်ပြည်နယ်သားများကလည်း အလုပ်လုပ်၍ ကုန်ထုတ်လုပ်မှုတိုးမြှင့်အောင် ဆောင်ရွက်ကြရန်လိုသည်။

မိမိပြည်နယ်တွင်းရှိ ရေ၊မြေသယံဇာတများကို တီထွင်ကြံဆမှုများဖြင့် အပြည့်အဝ ဖော်ထုတ်အသုံးချကြရန် အရေးကြီးသည်။ ရော်ဘာပြည်နယ်၊ ငရုတ်ကောင်းပြည်နယ်အဖြစ် ဝင်ငွေတိုးအောင် မြှင့်တင်သွားကြရန် ဖြစ်သည်။

ဤသံလွင်မြစ်ကူး မော်လမြိုင်တံတားကြီး တည်ဆောက်နိုင်ခြင်းသည် အခြေခံအားဖြင့် စည်းလုံးညီညွတ်မှုအင်အား၊ ရပ်ရွာဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအင်အားတို့ရှိ၍ ဖြစ်ရာ ယင်းအင်အားနစ်ရပ်ကို ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်ထိန်းသိမ်းနိုင်ရမှာဖြစ်ကြောင်း၊ ယင်းအင်အား နှစ်ရပ်ဖြင့်တိုင်းပြည်၌ ကြုံတွေ့ရသော အခက်အခဲမှန်သမျှကို ကျော်လွှားနိုင်ကြောင်း နိုင်ငံတော်အကြီးအကဲက ရှင်းလင်းစွာ လမ်းညွှန်မှု အလင်းရောင်ပေးထားပြီးဖြစ်သည်။ ဤအလင်းရောင်သည် ပြည်ထောင်စုကြီး၏ အကြီးဆုံး၊ အရှည်ဆုံး၊ အလှဆုံး၊ ဂုဏ်အယူရဆုံး တံတားအောင်ပွဲမှ တစ်ဆင့် တစ်မျိုးသားလုံးအတွက် ပေါ်ထွက်လာသော အလင်းရောင်ပင်ဖြစ်ရာ မွန်ပြည်နယ်မှာနေထိုင်သည့် တိုင်းရင်းသားတွေအပါအဝင် ပြည်ထောင်စုကြီး၏ သွေးချင်းသားချင်း ညီအစ်ကို တိုင်းရင်းသားလူမျိုးအားလုံးအတွက် လျှောက်လှမ်းရမည့် လမ်းကြောင်းမှန်ကို ထွန်းလင်းဖော်ညွှန်းလျက်ရှိပါသည်။ ။

ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့်အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ–အံ့ကြီး)က ကိုယ်တွေ့ဉာဏ်မြင်ဟောပြောပို့ချမည်ဖြစ်ရာ ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၈ ရက်အထိ ညနေ ၆ နာရီခွဲမှ ၈နာရီအထိ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ကျန်းမာရေးဦးစီးဌာနရုံးချုပ်နှင့် မျက်နှာချင်းဆိုင်ရှိ ပညာရာမိကမဟာ(အေ)တိုက်ရှိ ရတနာရုံသိမ်မွှာရုံတွင် လည်းကောင်း၊ မတ် ၁ ရက်မှ ၇ ရက်အထိ ညနေ ၆ နာရီခွဲမှ ၈ နာရီအထိ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံတွင်လည်းကောင်း ကျင်းပမည်ဖြစ်ရာ လာရောက်တရားအားထုတ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ဒို့တာဝန်အရေးသုံးပါး ပြည့်စုံနေမှ ကောင်းမွန်သည့်အမျိုးသားရေး အခိုင်အမာတည်ဆောက်နိုင်မည် တည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီတည်တံ့ရေး ပြည်သူလူထုနှင့် နိုင်ငံရေးအင်အားစုများအပေါ် တည်မှီ

✡ **ရှေ့ဖုံးမှ**

အလေးအနက်ထိန်းသိမ်း

ဒါကြောင့် ကျွန်တော်တို့ တာဝန်ယူချိန်ကစပြီး အဲဒီအန္တရာယ်တွေကို ပြည်သူများနဲ့ လက်တွဲကာကွယ်ဖို့ သန္နိဋ္ဌာန်ချပြီး ပြည်သူများအနေနဲ့လဲ ဒီအန္တရာယ်ဆိုးတွေကို အမျိုးသားရေးအန္တရာယ်များအဖြစ် မျက်ခြည်မပြတ်စေဖို့ ဒို့တာဝန်အရေးသုံးပါးကို အတိအလင်းကြေညာပြီး အလေးအနက်ထား ထိန်းသိမ်းလာခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတွေရဲ့ဘဝကို အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်မှုရှိအောင် လက်တွေ့ကျင့်သုံးဖော်ဆောင်နိုင်မယ့် နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်၊ လူမှုရေးဦးတည်ချက်(၄)ရပ်တို့ကို ချမှတ်ပြီး ဒီဦးတည်ချက်အသီးသီးကို ဟန်ချက်ညီညီ ကြိုးပမ်းအကောင်အထည်ဖော်လာခဲ့ပါတယ်။

နိုင်ငံရေးနဲ့စီးပွားရေးဟာ အပြန်အလှန်ဆက်စပ်အကျိုးပြုလျက်ရှိတာကြောင့် နိုင်ငံရေးအခြေအနေကောင်းတွေ ဖြစ်ပေါ်လာတာနဲ့အမျှ စီးပွားရေးအခြေအနေကောင်းတွေလဲ လိုက်လျောညီထွေဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဦးတည်ချက်ကို အကောင်အထည်ဖော်ရာမှာ ပဓာနကျတဲ့အကြောင်းတရားတစ်ခုလဲဖြစ်၊ အမျိုးသားရေးနိုင်ငံရေးစွမ်းအား တည်ဆောက်ရာမှာလဲ အဓိကကျတဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုပါ အောင်မြင်မှုရအောင် ကြိုးပမ်းခဲ့ရပါတယ်။

ကြိုးပမ်းစည်းရုံးတည်ဆောက်

အတိတ်ကာလ အနှစ်၄၀ကျော် အကြောင်းအမျိုးမျိုးကြောင့် တိုင်းရင်းသားလူမျိုးများအကြားမှာ လက်နက်ကိုင်ပဋိပက္ခတွေ ဆက်ကာ ဆက်ကာ ဖြစ်ပွားပြီး အာဃာတတရားတွေ ပွားများလာခဲ့တာကို ကျွန်တော်တို့တာဝန်ရှိလာတဲ့အခါမှာ တိုင်းရင်းသားညီအစ်ကိုများအကြား အပြန်အလှန် သည်းခံခွင့်လွှတ်မှု၊ နားလည်စာနာမှု၊ သဘောထားကြီးမှုဆိုတဲ့ မေတ္တာတရားတွေ တိုးပွားလာအောင် စိတ်ရှည်ရှည်နဲ့ကြိုးပမ်းစည်းရုံး တည်ဆောက်ခဲ့ကြပါတယ်။ ဒီလို စေတနာမေတ္တာအရင်းခံနဲ့ ကြိုးပမ်းတည်ဆောက်မှုကြောင့် ယုံကြည်မှုတွေ တိုးပွားပြီး တိုင်းရင်းသားအဖွဲ့အစည်း ၁၇ ဖွဲ့ဟာ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဥပဒေဘောင်အတွင်းဝင်ရောက်ကာ ငြိမ်းချမ်းရေးကို လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။

ဒီလို နိုင်ငံရေးအရ တိုးတက်ဖြစ်ပေါ်လာတဲ့ ရလဒ်ကောင်းကို အခြေပြုပြီး နိုင်ငံတော်မှာလိုအပ်နေတဲ့ ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် ပဓာနကျ အရေးကြီးတဲ့ ကြိုးပမ်းမှုတစ်ရပ်ဖြစ်တဲ့ အမျိုးသားညီလာခံ ကျင်းပရေးကို ၁၉၉၂ခုနှစ် ဇွန်လကစပြီး လိုအပ်တဲ့ပြင်ဆင်မှု၊ ညှိနှိုင်းမှုတွေကို အဆင့်ဆင့် စနစ်တကျ အလေးအနက်ထားပြီး ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒါ့ကြောင့်လဲ ၁၉၉၃ခုနှစ် ဇန်နဝါရီလ ၉ရက်မှ ၁၉၉၆ခုနှစ် မတ်လ ၃၀ရက်အထိ ကျင်းပပြီးစီးခဲ့တဲ့ အမျိုးသားညီလာခံမှာ အခြေခံမူတွေ၊ အသေးစိတ်အခြေခံမူတွေကို ညှိနှိုင်းချမှတ်နိုင်ခဲ့တာပဲ ဖြစ်ပါတယ်။

နိုင်ငံရေးမျှော်မှန်းချက်

နိုင်ငံရေးဦးတည်ချက်(၄)ရပ်မှာ စတုတ္ထအချက်ဖြစ်တဲ့ **'ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး'** ဆိုတဲ့အချက်ဟာ ကျွန်တော်တို့ တပ်မတော်အစိုးရရဲ့ နိုင်ငံတော်နှင့်ပြည်သူများအတွက် မြင့်မားစွာထားရှိတဲ့ နိုင်ငံရေးမျှော်မှန်းချက်ပဲ ဖြစ်ပါတယ်။

ဒါကြောင့်လဲ ယခုကျင်းပတဲ့ အမျိုးသားညီလာခံကြီးရဲ့ ဦးတည်ချက်(၆)ရပ်မှာ စတုတ္ထဦးတည်ချက်အဖြစ် **'စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး'** ကို အတိအလင်းထည့်သွင်းပြီး ကျွန်တော်တို့ ဆွေးနွေးညှိနှိုင်းမှုများပြုရာမှာ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီထွန်းကားရေးကို မျက်ခြည်ပြတ်မခံဘဲ အလေးထားဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

အခိုင်အမာတည်ဆောက်

အမျိုးသားညီလာခံရဲ့ ဦးတည်ချက်များအနက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဦးတည်ချက်သုံးရပ်ဟာ စစ်မှန်သော ပါတီစုံဒီမိုကရေစီထွန်းကားရေးအတွက် ပဓာနအကျဆုံး အခြေခံလိုအပ်ချက်တွေဖြစ်ပါတယ်။ ဒီ ဒို့တာဝန်အရေးသုံးပါး ပြည့်စုံနေမှသာလျှင် ကျွန်တော်တို့ နိုင်ငံတော်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိတဲ့ ကောင်းမွန်တဲ့ အမျိုးသားရေးထုထောင်တည်ဆောက်မှုတွေကို အခိုင်အမာတည်ဆောက်နိုင်မှာဖြစ်ပါတယ်။

ကြာမျိုးငါးပါးနဲ့ပြည့်စုံတဲ့ ရေကန်ကြီးဟာ ကန်ပေါင်တည်တံ့မှ ရေရှိပြီး ကြာပွင့်နိုင်မှာဖြစ်သလို ဒို့တာဝန်အရေးသုံးပါး ပြည့်စုံမှသာလျှင် ဒီမိုကရေစီရေးဟာလဲ အဓွန့်ရှည်ကြာ တည်တံ့နိုင်မှာဖြစ်ပါတယ်။ မီးလျှံများ၊ ပြာပုံများရဲ့အလယ်မှာ ကြာပန်း၊ ကြာပွင့်၊ ကြာဖူး၊ ကြာခိုင်တွေ ပွင့်လန်းရိုးထုံးစံမရှိသလို တိုင်းပြည်အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးပါမှ အဲဒီ တည်ငြိမ်အေးချမ်းတဲ့ တရားဥပဒေစိုးမိုးရေးနဲ့ စည်းကမ်းကောင်းတဲ့ လူ့ပတ်ဝန်းကျင်မှာ ဒီမိုကရေစီတည်တံ့မှာဖြစ်ပါတယ်။

မျက်မြင်ကိုယ်တွေ့

စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ဆူပူသောင်းကျန်းမှုတွေရှိတဲ့နိုင်ငံမှာ ဒီမိုကရေစီထွန်းကားမှု မဖြစ်နိုင်ပါဘူး။ အမည်ခံ ဒီမိုကရေစီသာရှိပြီး အကြမ်းဖက်မှုတွေ၊ မင်းမဲ့စရိုက်တွေကြောင့် ဒီမိုကရေစီဟာ တဒင်္ဂအားဖြင့်သာ တည်တံ့ပြီး ပျက်သုဉ်းပျောက်ကွယ်သွားကြတာရှိသလို ပိုမိုဆိုးရွားတဲ့အခြေအနေတွေ၊ မူလကတည်တံ့ခိုင်မြဲနေခဲ့တဲ့ ပြည်ထောင်စုကြီးများ ပြိုကွဲသွားရတဲ့ အခြေအနေတွေစတဲ့ နိုင်ငံတကာဖြစ်ရပ် သင်ခန်းစာတွေကို ကျွန်တော်တို့ မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့ရပါတယ်။

ဒီမိုကရေစီနဲ့ တရားဥပဒေစိုးမိုးရေးဟာ ခွဲခြားမရနိုင်တဲ့ လိုအပ်ချက်ဖြစ်ပါတယ်။ ဒါ့ကြောင့်လဲ ဒီမိုကရေစီ အဓွန့်ရှည်ကြာ ထွန်းကားဖို့ဆိုရင် စည်းကမ်းရှိမှုဟာ မဖြစ်မနေလိုအပ်တာကြောင့် ကျွန်တော်တို့ဟာ စည်းကမ်းရှိသော ဒီမိုကရေစီကို မျှော်မှန်းထားခြင်းပဲ ဖြစ်ပါတယ်။ စည်းကမ်းရှိဖို့၊ တည်ငြိမ်အေးချမ်းဖို့၊ ဒီမိုကရေစီ တည်တံ့ဖို့အတွက် ပြည်သူလူထုနဲ့ နိုင်ငံရေးအင်အားစုများအပေါ်မှာ များစွာတည်မှီနေပါတယ်။ ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှု၊ မင်းမဲ့စရိုက်တွေကင်းစင်ပြီး နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးရှိနေဖို့လိုသလို အမျိုးသားရေး အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်နိုင်စေမယ့် အခြေခံအဆောက်အအုံတွေ ပြည့်စုံဖို့လဲ အရေးကြီးတဲ့လိုအပ်ချက် ဖြစ်ပါတယ်။

ပြည်သူများအနေနဲ့ အရည်အချင်းပြည့်ဝတဲ့ ကိုယ်စားလှယ်တွေကို မှန်ကန်စွာ ရွေးချယ်နိုင်စေဖို့ ဆင်ခြင်တုံတရားနဲ့ အမြော်အမြင်ရှိဖို့ လိုအပ်ပြန်ပါတယ်။ ဒါကြောင့်လဲ လက်တွေ့အားဖြင့် ကျွန်တော်တို့အစိုးရဟာ လူသားစွမ်းရည် အရင်းအမြစ် ပြုစုပျိုးထောင်ရေးအတွက် အခြေခံပညာ၊ အဆင့်မြင့်ပညာတွေကို ဦးစားပေး ဖြည့်ဆည်းဆောင်ရွက်ပေးနေတာ အားလုံး မျက်မြင်ကိုယ်တွေ့ ဖြစ်ပါတယ်။

အထင်အရှားပြသ

ကျွန်တော်တို့နိုင်ငံမှာ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ၁၄နှစ်ကြာကျင့်သုံးခဲ့ရာမှ ပြည်ထောင်စုပြိုကွဲမယ့် အန္တရာယ်ပေါ်ပေါက်လာတာကြောင့် အဲဒီအခြေခံဥပဒေဟာ ရပ်ဆိုင်းသွားခဲ့ရသလို ၁၉၇၄ ခုနှစ် အခြေခံဥပဒေဟာလဲ တစ်ပါတီစနစ်နှင့်အတူ ပုဂ္ဂလိကစီးပွားရေးကို မျက်ကွယ်ပြုထားတဲ့ အားနည်းချက်တွေကြောင့် ပြည်သူလူထုက အဲဒီအခြေခံဥပဒေကိုမကြိုက်မနှစ်သက်ကြောင်း အထင်အရှားပြသခဲ့ပြီး ဖြစ်ပါတယ်။

ယခုကျွန်တော်တို့ကြိုးပမ်းဖော်ဆောင်နေတဲ့ အခြေခံဥပဒေဟာ အတိတ်သမိုင်းကြောင်းကို သင်ခန်းစာယူပြီး အလားတူ အမှားအယွင်းတွေ၊ အားနည်းချက်တွေမပါရအောင် သတိတရားကြီးစွာထားကာ အခြေခံမူတွေကိုချမှတ်ဖို့လိုမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ၊ ဒေသစွဲနဲ့ တိုင်းတစ်ပါးသွေးခွဲသပ်လျှိုမှုကြောင့် တိုင်းရင်းသားညီအစ်ကိုများအကြား ပေါ်ပေါက်လာခဲ့တဲ့ သံသယအစွဲအလမ်းတွေ ဖယ်ရှားသန့်စင်ပြီး ခိုင်မာတဲ့အခြေခံဥပဒေ ပေါ်ပေါက်ရေးကို သဘာထားကြီးကြီး၊ အမြော်အမြင်ရှိရှိ စိတ်ရှည်ရှည်ထားကာ အချင်းချင်းနားလည်မှု၊ စာနာထောက်ထားမှုအပြည့်အဝနဲ့ လက်တွဲဆောင်ရွက်ကြဖို့ အထူးလိုအပ်ချိန် ဖြစ်ပါတယ်။

လောကသဘာဝအတိုင်း အဖျက်အမှောင့်တွေ အဖျက်သမားတွေဟာ ရှိစမြဲဖြစ်ပါတယ်။ ယနေ့ပြည်တွင်း ပြည်ပအဖျက်သမားတွေဟာ လက်ရှိလျှောက်လှမ်းနေတဲ့ အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်က သွေဖည်သွားစေဖို့ သဘောဆိုးနဲ့ အမျိုးမျိုး သပ်လျှိုသွေးခွဲနေကြချိန်လဲ ဖြစ်ပါတယ်။

သန္နိဋ္ဌာန်ချထားပြီးဖြစ်

ကျွန်တော်တို့တပ်မတော်ကတော့ သမိုင်းစဉ်တစ်လျှောက်မှာ တိုင်းရင်းသားပြည်သူတွေရဲ့အကျိုးစီးပွားကို ဘယ်တော့မှမျက်ကွယ်ပြုမှာမဟုတ်သလို တိုင်းရင်းသားပြည်သူတွေရဲ့ တရားတဲ့ရည်ရွယ်ချက်တွေ၊ မျှော်မှန်းချက်တွေ၊ ဆန္ဒတွေအောင်မြင်မှုရအောင် မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိပြီး ရိုးသားတဲ့ တိုင်းရင်းသားပြည်သူတွေနဲ့ သေအတူရှင်မခွဲ ခိုင်ခိုင်မြဲမြဲလက်တွဲပြီး နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အပြည့်အဝ အောင်မြင်မှုရတဲ့အထိကြိုးစားသွားဖို့ အလေးအနက် သန္နိဋ္ဌာန်ချထားပြီးဖြစ်ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်တော်များခင်ဗျား–

ကျွန်တော်တို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနဲ့ စီမံခန့်ခွဲမှုကော်မတီတို့ဟာ အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များနဲ့အတူ ရပ်နားထားတဲ့ကာလအတွင်းမှာ ဆောင်ရွက်ဖွယ်ရာ တာဝန်တွေကို တက်ညီလက်ညီ အလေးထားဆောင်ရွက်ခဲ့ကြပါတယ်။

၂၀၀၄ခုနှစ် မေလ ၁၇ရက်မှ ဇူလိုင်လ ၉ရက်အထိ ကျင်းပပြီးခဲ့တဲ့ အမျိုးသားညီလာခံမှာ ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းခဲ့တဲ့ အကြံပြုချက်စာတမ်းတွေကို သဘာပတိအဖွဲ့က အချိန်ယူလေ့လာပြီး စုစည်းသုံးသပ်ချက်တွေ ပြုစုခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ အသီးသီးရဲ့ အကြံပြုချက်စာတမ်းတွေထဲက သင့်မြတ်ကောင်းမွန်တဲ့ အကြံပြုတင်ပြချက်တွေကို သဘာပတိအဖွဲ့က စုစည်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီကို တင်ပြခဲ့တဲ့နည်းတူ လုပ်ငန်းကော်မတီကလဲ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ကို တင်ပြခဲ့ပါတယ်။

ယခုကျင်းပမယ့် အစီအစဉ်တွေမှာ သဘာပတိအဖွဲ့ရဲ့ တွေ့ရှိချက်တွေကို စုစည်းတင်ပြခြင်း၊ ထူးခြားကောင်းမွန်တဲ့ အကြံပြုချက်တွေကိုအခြားအစုအဖွဲ့တွေကလဲ လေ့လာသုံးသပ်ခွင့်ရအောင် ပြန်လည်ရှင်းလင်းချပြပြီး သဘောထားရယူခြင်းပြုမှာ ဖြစ်ပါတယ်။

အဲဒီနောက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဟာ ကိုယ်စားလှယ်တော်ကြီးများ အကြံပြုခဲ့တဲ့ အနှစ်သာရတွေပါဝင်တဲ့ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုနဲ့ပတ်သက်တဲ့ ချမှတ်သင့်တဲ့မူတွေကို စုံညီအစည်းအဝေးမှာ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

ဖတ်ကြားတင်သွင်း

အဲဒီနောက် ဆက်လက်ပြီး အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုနဲ့ပတ်သက်တဲ့အပိုင်းကို ယခင်ကလိုပဲ ပြည်ထောင်စုနဲ့ သက်ဆိုင်တဲ့အပိုင်း၊ တိုင်းဒေသကြီးနဲ့ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနဲ့ သက်ဆိုင်တာတွေကို လုပ်ငန်းကော်မတီက ရှင်းလင်းတင်ပြပြီး ကိုယ်စားလှယ်အစုအဖွဲ့အသီးသီးက အစုအဖွဲ့အလိုက် စိတ်တိုင်းကျ အကြံပြုချက်စာတမ်းတွေရအောင် ဆွေးနွေးပြီး ပြုစုကြရမှာဖြစ်ပါတယ်။ အဲဒီနောက် အုပ်ချုပ်ရေး၊ တရားစီရင်ရေးနဲ့စပ်လျဉ်းတဲ့ ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံမူတွေဆိုင်ရာ အကြံပြုချက်စာတမ်းတွေကို စုံညီအစည်းအဝေးမှာ ဖတ်ကြားတင်သွင်းကြမှာ ဖြစ်ပါတယ်။

ယခုအခါမှာ ဆောင်းရာသီကုန်ဆုံးလို့ နွေဦးရာသီကို ဝင်ရောက်မှာဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်ကြီးများ ရာသီဥတုအပြောင်းအလဲမှာ ကျန်းမာရေးကို အထူးဂရုစိုက်ကြဖို့လိုအပ်ပါမယ်။ ကျန်းမာရေးအတွက် လိုအပ်တဲ့ ကာကွယ်မှု၊ ကုသမှုတွေ၊ လေ့ကျင့်မှုတွေကို လိုအပ်သလို ပြုလုပ်ကြဖို့ တိုက်တွန်းလိုပါတယ်။

စီမံခန့်ခွဲမှုကော်မတီကလည်း ကိုယ်စားလှယ်တော်များရဲ့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၊ ကြည်သာချမ်းမြေ့ကြစေကြောင်း တတ်စွမ်းသရွေ့ ကြိုးပမ်းကူညီစောင့်ရှောက်သွားဖို့ ပြင်ဆင်ထားပြီး ဖြစ်ပါတယ်။

ဒါကြောင့် ယနေ့ကစပြီး ကျင်းပတဲ့ အမျိုးသားညီလာခံမှာ ကိုယ်စားလှယ်တော်များဟာ ယခင်ကလိုပဲ ကျွန်တော်တို့နဲ့ ခင်ခင်မင်မင်၊ ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်း ဆက်ဆံဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

(သတင်းစဉ်)

နိုင်ငံတကာဖြစ်ရပ်သင်ခန်းစာများ မျက်မြင်ကိုယ်တွေ့ဖြစ်

စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ဆူပူသောင်းကျန်းမှုတွေရှိတဲ့နိုင်ငံမှာ ဒီမိုကရေစီထွန်းကားမှု မဖြစ်နိုင်ပါဘူး။ အမည်ခံဒီမိုကရေစီသာရှိပြီး အကြမ်းဖက်မှုတွေ၊ မင်းမဲ့စရိုက်တွေကြောင့် ဒီမိုကရေစီဟာ တဒင်္ဂအားဖြင့်သာ တည်တံ့ပြီး ပျက်သုဉ်းပျောက်ကွယ်သွားကြတာရှိသလို ပိုမိုဆိုးရွားတဲ့အခြေအနေတွေ၊ မူလက တည်တံ့ခိုင်မြဲနေခဲ့တဲ့ ပြည်ထောင်စုကြီးများ ပြိုကွဲသွားရတဲ့ အခြေအနေတွေ စတဲ့ နိုင်ငံတကာဖြစ်ရပ် သင်ခန်းစာတွေကို ကျွန်တော်တို့ မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့ရပါတယ်။

ညီလာခံကြီးသို့ တစ်နိုင်ငံလုံးရှိ လူထုလူတန်းစားအလွှာအသီးသီးက ကိုယ်စားလှယ်များ ပြည်ထောင်စုစိတ်ဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆွေးနွေးလျက်ရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများရှင်းလင်းပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

ယနေ့အမျိုးသားညီလာခံအစည်းအဝေးကို တက်ရောက်လာကြသည့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌကြီးနှင့်တကွ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများအား ယခုကဲ့သို့ စုံစုံညီညီ ပြန်လည်တွေ့ဆုံရသည့်အတွက်လည်း အထူးပင် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်ဟု ပြောကြားလိုပါကြောင်း။

၂၀၀၄ ခုနှစ် မေလ ၁၇ရက်နေ့တွင် ပြန်လည်စတင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မှုများရရှိအောင် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခဲ့ကြပြီးဖြစ်ကြောင်း။

ဆက်လက်ဆောင်ရွက်

ယခုကျင်းပမည့် အမျိုးသားညီလာခံ အစည်းအဝေးတွင်လည်း ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မှုများကို အတည်ပြုနိုင်ရန်နှင့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မှုများ ချမှတ်နိုင်ရန် ဆက်လက်ဆောင်ရွက်သွားကြရမှာဖြစ်ပါကြောင်း။

ရှင်းလင်းပြောကြား

ယခု အမျိုးသားညီလာခံကို ပြန်လည်ကျင်းပရာတွင်လည်း ၂၀၀၄ ခုနှစ် မေလ၌ကျင်းပခဲ့သည့် အမျိုးသားညီလာခံကို တက်ရောက်ခဲ့ကြသော ကိုယ်စားလှယ်များစာရင်းအတိုင်း ပြန်လည်ဖိတ်ကြားခဲ့ပါကြောင်း၊ သို့သော်လည်း ၎င်းကိုယ်စားလှယ်များထဲမှ အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားသည့် ညီလာခံကိုယ်စားလှယ်နေရာများကို အစားထိုးရွေးချယ်ခဲ့သည့်အတွက် ကိုယ်စားလှယ်အသစ်များလည်း ပါဝင်လာကြပါကြောင်း၊ ပြီးခဲ့သည့် အမျိုးသားညီလာခံ၌ ကိုယ်စားလှယ်ကြီးများအနေဖြင့် ညီလာခံ၏ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်းများကို အသိစိတ်နှင့်ယှဉ်ပြီး လိုက်နာဆောင်ရွက်ခဲ့ကြသည့်အတွက် မည်သည့် အားနည်းချက် အခက်အခဲမှမရှိဘဲ အောင်အောင်မြင်မြင် ပြီးဆုံးခဲ့ပါကြောင်း၊ သို့ရာတွင် ယခုညီလာခံ၌ ကိုယ်စားလှယ်အသစ်များ အနေဖြင့် လုပ်ထုံးလုပ်နည်းနှင့် အခြားသိသင့်သိထိုက်သည့် အချက်အလက်များကို သိရှိနိုင်ရန်နှင့် ကိုယ်စားလှယ်ဟောင်းများအနေဖြင့်လည်း ပြန်လည်သတိရစေရန်အတွက် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့်တကွ သွားလာ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေး၊ ဖြေဖျော်ရေး၊ လုံခြုံရေး စသည့် ကိစ္စများကို အကျဉ်းချုပ်ရှင်းလင်းပြောကြားသွားမှာ ဖြစ်ပါကြောင်း။

အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းစာစောင်၌ နိဒါန်းနှင့် အခန်း ခုနစ်ခန်းပါရှိပါကြောင်း၊ အခန်း(၁)တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်သည့် ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း တည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးနှင့် အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးဆိုသည့် အမျိုးသားညီလာခံ၏ ဦးတည်ချက်ခြောက်ရပ်ကို ဖော်ပြထားပါကြောင်း၊ ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မှုများ ချမှတ်နိုင်ရေးအတွက် ဤအမျိုးသားညီလာခံ ဦးတည်ချက် ခြောက်ရပ်ဘောင်အတွင်းကနေ ဆွေးနွေးညှိနှိုင်းဖော်ထုတ်သွားကြရမှာဖြစ်ပါကြောင်း။

အခန်း(၂)တွင် ယခုကျင်းပမည့် အမျိုးသားညီလာခံ၌ လူထုလူတန်းစားအလွှာ ရှစ်လွှာမှ ကိုယ်စားလှယ်များ စုံစုံညီညီ တက်ရောက်ခွင့်ရှိကြောင်း ဖော်ပြထားပါကြောင်း။

လိုက်နာကျင့်သုံး

ကိုယ်စားလှယ်ကြီးများအတွက် အမျိုးသားညီလာခံတာဝန်ထမ်းဆောင်ကြရာ၌ တာဝန်နှင့် လုပ်ပိုင်ခွင့် ခုနစ်ရပ်နှင့် အခွင့်အရေးနှင့်ရပိုင်ခွင့်သုံးရပ်သတ်မှတ်ပေးထားပါကြောင်း၊ အခွင့်အရေးနှင့်ရပိုင်ခွင့်များကို ခံစားသလိုတာဝန်နှင့် လုပ်ပိုင်ခွင့်များကိုလည်း ကျေပွန်အောင် ဆောင်ရွက်ကြရမှာဖြစ်ကြောင်းပြောကြားလိုပါကြောင်း၊ ထို့အပြင် ကိုယ်စားလှယ်တော်ကြီးများအတွက် ကျင့်ဝတ်နှင့်စည်းကမ်းများလည်း သတ်မှတ်ထားကြောင်း တွေ့ရပါကြောင်း၊ ၎င်းတို့မှာလည်း တိုင်းပြည်နှင့်လူမျိုးအတွက် အရေးကြီးဆုံးဖြစ်သည့် အမျိုးသားညီလာခံကြီး အောင်မြင်အောင် ကျင်းပနိုင်ရေး ရည်ရွယ်ပြီးသတ်မှတ်ထားရခြင်းဖြစ်သည့်အတွက် ကိုယ်စားလှယ်တော်ကြီးများက သဘောပေါက် နားလည်ခံယူလိုက်နာကျင့်သုံးသွားကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ယင်းသတ်မှတ်ထားသည့် ကျင့်ဝတ်နှင့်စည်းကမ်းများမှာ-

၁။ ပြည်ထောင်စု မြန်မာနိုင်ငံတော်မှတစ်ပါး အခြားမည်သည့် နိုင်ငံရဲ့ကျေးဇူးသစ္စာကိုမျှ ခံယူခြင်း မပြုရန်၊

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

၂။ ညီလာခံသဘာပတိအဖွဲ့ သို့မဟုတ် ကိုယ်စားလှယ် အစုအဖွဲ့ သဘာပတိ၏ ညွှန်ကြားချက်များကို လေးစားလိုက်နာရန်၊

၃။ ညီလာခံကိုယ်စားလှယ် တစ်ဦး၏ သိက္ခာနှင့်လျော်ညီစွာ ဆက်ဆံနေထိုင်ရန်

စသည့် တိုင်းပြည်နှင့် လူမျိုး အကျိုးအတွက် လိုက်နာ ဆောင်ရွက်ရမည့် စည်းကမ်းချက်များပင် ဖြစ်ကြောင်း။

ရွေးချယ်ဖွဲ့စည်း

ညီလာခံ အစည်းအဝေးများ ကျင်းပသည့်အခါ၌ အစည်းအဝေးများကိုကြီးကြပ်ပေးရန် သဘာပတိအဖွဲ့လိုအပ်ပါကြောင်း၊ ထို့ကြောင့် သဘာပတိအဖွဲ့ကိုလည်း ၂၀၀၄ခုနှစ် မေလ ၁၇ရက်နေ့တွင် ပြန်လည်စတင်ကျင်းပစဉ်ကတည်းက အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီမှ ကိုယ်စားလှယ်ငါးဦး၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များနှင့် ရွေးကောက်ပွဲ၌ ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များမှ ဆယ်ဦး၊ ကျန်အစုအဖွဲ့ခြောက်ဖွဲ့မှ ကိုယ်စားလှယ်ငါးဦးစီတို့ဖြင့်ရွေးချယ်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းသွားသည့် သဘာပတိအဖွဲ့ဝင်များအတွက်လည်း ပြန်လည်ရွေးချယ်ပြီး လက်ရှိသဘာပတိအဖွဲ့ကပဲ ယခုဆက်လက်ကျင်းပမည့် အမျိုးသားညီလာခံအစည်းအဝေးများကို ကြီးကြပ်ပေးသွားရမှာဖြစ်ပါကြောင်း။

အခန်း(၃)တွင် အစည်းအဝေးကျင်းပချိန်၌ ကိုယ်စားလှယ်များအားစိစစ်ခြင်းနှင့် အစည်းအဝေး ထမြောက်ခြင်းတို့နှင့်ပတ်သက်ပြီး ဖော်ပြထားပါကြောင်း၊ အမျိုးသားညီလာခံ အစည်းအဝေးများသည် ညီလာခံ ကိုယ်စားလှယ်အားလုံး၏ ၅၀ရာခိုင်နှုန်းတက်ရောက်လျှင် အစည်းအဝေးထမြောက်မှာဖြစ်ပါကြောင်း။

လုပ်ထုံးလုပ်နည်းများ

ညီလာခံ လုပ်ထုံးလုပ်နည်းစာစောင် အခန်း(၄)တွင် ဆွေးနွေးအကြံပြုကြရာ၌ လိုက်နာကြရမည့် လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားပါကြောင်း၊ ပထမဦးစွာ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို ပြောကြားရမည်ဆိုလျှင် ကိုယ်စားလှယ်များသည် မိမိတို့ဆွေးနွေးအကြံပြုလိုသည့်အချက်များကို မိမိတို့ ကိုယ်စားလှယ် အစုအဖွဲ့အတွင်း ဆွေးနွေးပြီး သက်ဆိုင်ရာသဘာပတိအဖွဲ့ထံ တင်ပြရမှာဖြစ်ပါကြောင်း၊ သဘာပတိအဖွဲ့က တူညီသည့် အကြံပြုချက်များကို စုစည်းပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြရမည်ဖြစ်ပါကြောင်း။

ညီလာခံ ကိုယ်စားလှယ်များအနေဖြင့် မိမိတို့အစုအဖွဲ့၏ အများသဘောတူညီသည့် အကြံပြုချက်စာတမ်းအပြင် မိမိတစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ အခြားတင်ပြလိုသော အကြံပြုချက်ရှိပါက အစုအဖွဲ့လိုက် ဆွေးနွေးပွဲတွင် ဆွေးနွေးပြီး သဘာပတိအဖွဲ့မှ တစ်ဆင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြနိုင်ပါကြောင်း။

နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်အစုအဖွဲ့များနှင့် တစ်သီးပုဂ္ဂလများ၏ အကြံပြုတင်ပြချက်များသည် သဘောထားကွဲလွဲချက် ရှိနေပါက ယင်းတို့ကို ကျေလည်စေရန် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက တတ်နိုင်သမျှ ညှိနှိုင်းပြီး လိုအပ်သလို ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း။

ဆက်လက်ပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေး၏ လုပ်ထုံးလုပ်နည်းများကို ပြောကြားသွားမည် ဖြစ်ပါကြောင်း။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တင်ပြမည့် အစုအဖွဲ့လိုက်ကပြုစုထားသည့် အကြံပြုစာတမ်းများသည် ဆွေးနွေးလိုသည့် အချက်များကို တိကျရှင်းလင်းစွာ ဖော်ပြကြရမှာဖြစ်ပါကြောင်း။

၎င်းအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြမည့် ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် နှစ်ဦး၊ သုံးဦးတို့၏ အမည်နှင့်အတူ သတ်မှတ်ပေးထားသည့် အချိန်အတွင်း မိမိတို့အစုအဖွဲ့အလိုက် သဘာပတိထံမှတစ်ဆင့် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီထံ တင်ပြရမည် ဖြစ်ပါကြောင်း။

ညီလာခံ စုံညီအစည်းအဝေးသို့ တင်သွင်းကြသော စာတမ်းများပါ အကြံပြု တင်ပြချက်များအတွင်း သဘောထား ကွဲလွဲချက်များရှိနေပါက ယင်းတို့ကို တတ်နိုင်သမျှ ကျေလည်စေရေးအတွက် ပြန်လည်အကြံပြုသဘောထားပေးနိုင်စေရန် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီက လိုအပ်သလို စီစဉ်ပေးသွားမှာ ဖြစ်ပါကြောင်း။

သဘောပေါက်ယုံကြည်

မိမိ ရှင်းလင်းပြောကြားခဲ့သည့် အချက်များသည် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းစာစောင်ပါ အရေးကြီးသော အချက်များ အကျဉ်းချုပ်ဖြစ်ပါကြောင်း၊ ဤလုပ်ထုံးလုပ်နည်း၊ တာဝန်နှင့် ရပိုင်ခွင့်စည်းကမ်းများသည် တိုင်းရင်းသားအားလုံးအကျိုးအတွက် ညီလာခံကြီး အောင်အောင်မြင်မြင်ကျင်းပနိုင်အောင်၊ ရင်းရင်းနှီးနှီး ညှိနှိုင်းဆွေးနွေး အဖြေရှာနိုင်အောင် မူဘောင်ချမှတ်ပေးသည့် သဘောပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်တော်ကြီးများအားလုံးက နားလည်သဘောပေါက် လိုက်နာကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

မိမိအနေဖြင့် ကိုယ်စားလှယ်တော်ကြီးများ ညီလာခံကြီး၌ စိတ်ချမ်းမြေ့ပျော်ရွှင်စွာတက်ရောက်နိုင်အောင် အုပ်ချုပ်မှုဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ပေးထားမှုများကို ဆက်လက်ပြောကြားလိုပါကြောင်း။

ကိုယ်စားလှယ်တော်ကြီးများ နေထိုင်ရေး အဆင်ပြေစေရန်အတွက် ယခင်ကအတိုင်း အမျိုးသားဆောင်၊ အမျိုးသမီးဆောင်များ၌ ကိုယ်စားလှယ်လေးဦးကို တစ်ခန်းနှုန်းဖြင့် စီစဉ်ထားရှိပါကြောင်း၊ ထို့အပြင် ရေနှင့်မီးများ ပြည့်စုံလုံလောက်မှုရှိအောင်လည်း ဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း။

စီစဉ်ဆောင်ရွက်ထား

ကိုယ်စားလှယ်ကြီးများအတွက် စားရေးသောက်ရေးစီစဉ်ရာ၌လည်း ကျန်းမာရေး မထိခိုက်စေရန်အတွက် အစားအစာများကို ကျန်းမာရေးနှင့် ညီညွတ်မှုရှိ မရှိစစ်ဆေးပြီးမှ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တာဝန်ထမ်းဆောင်သည့်သူများလည်း ကျန်းမာရေးစစ်ဆေးပြီး ကျန်းမာရေးကောင်းမှသာ တာဝန်ထမ်းဆောင်ခွင့် ပြုထားပါကြောင်း၊ ထို့အပြင် စားသောက်ကောင်းစေရန်အတွက်လည်း ဟင်းလျာအစီအစဉ်များကို ကြိုတင်ရေးဆွဲပြီး လူကြီးများ၏ အတည်ပြုချက်ရယူကာ ချက်ပြုတ်ကျွေးမွေးလျက်ရှိပါကြောင်း၊ ဘာသာရေးနှင့်အညီ စားသောက်နိုင်စေရန်နှင့် အသက်သတ်လွတ်စားလိုသူများ စားနိုင်စေရန်အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါကြောင်း။

ယခုအချိန်အခါသည် ပွင့်လင်းရာသီဖြစ်သည့်အတွက် ညောင်နှစ်ပင်စခန်းရှိလမ်းများပေါ်၌ ကိုယ်စားလှယ်ကြီးများအနေဖြင့် နံနက်ခင်း၊ ညနေခင်းများတွင် လမ်းလျှောက်ခြင်း၊ ပြေးခုန်ခြင်းစသည့် ကျန်းမာရေး လေ့ကျင့်ခန်းများ လေ့ကျင့်နိုင်သကဲ့သို့ အားကစားခန်းမ အတွင်း၌လည်း ကြက်တောင်၊ စားပွဲတင် တင်းနစ်၊ အလေးမ၊ကိုယ်ကာယလေ့ကျင့်ခန်း စသည့် အားကစားနည်းများအပြင် ဂေါက်သီးရိုက် လေ့ကျင့်ကွင်း၌လည်း ဂေါက်ရိုက်လေ့ကျင့်နိုင်ရန် စီစဉ်ထားပါကြောင်း၊ ထို့အပြင် ကိုယ်စားလှယ်ကြီးများ၏ ကျန်းမာရေးအတွက်လည်း ညောင်နှစ်ပင်စခန်းအတွင်း ဆေးရုံတစ်ရုံကို ၂၄နာရီပတ်လုံး တာဝန်ကျဆရာဝန် ဆရာမများ၊ ဆေးဝါးကိရိယာများ အစုံအလင်ဖြင့် ဖွင့်လှစ်ပေးထားပါကြောင်း။

အထူးကု သမားတော်ကြီးများ လာရောက်ကုသပေးရန်အတွက်လည်း စီစဉ်ထားရှိပါကြောင်း၊ အကယ်၍ တပ်မတော်ဆေးရုံကြီး၌ တက်ရောက်ကုသရန်လိုအပ်လျှင်လည်း ကုသနိုင်ရန်အတွက်ပါ တစ်ပါတည်း ဆောင်ရွက်ထားကြောင်း အသိပေးလိုပါကြောင်း။

ထို့အပြင် ကိုယ်စားလှယ်ကြီးများ အပန်းဖြေရေးအတွက် အဆောင်များ၌ ရုပ်မြင်သံကြားများ စီစဉ်ထားရှိပေးထားသကဲ့သို့ စာပေဖတ်ရှုလေ့လာနိုင်ရန်အတွက်လည်း သတင်းစာ၊ ဂျာနယ်များ ထားရှိရုံသာမက စာအုပ်အရောင်းဆိုင်နှင့် အငှားဆိုင်များပါ ဖွင့်လှစ်ပေးထားပြီး ဖြစ်ပါကြောင်း၊ ယခုအချိန်အခါသည် မိုးလေဝသကင်းစင်သည့်ရာသီဖြစ်သည့်အတွက် အသစ်ဆောက်လုပ်ပြီး ဖြစ်သောလဟာပြင် ဇာတ်ရုံ၌ Stage Show၊ အငြိမ့်၊ ပဒေသာကပွဲ၊ ရုပ်ရှင်၊ ဒီဗွီဒီများဖြင့် ဖြေဖျော်တင်ဆက်သွားရန်လည်း စီစဉ်ထားပါကြောင်း။

ဖွင့်လှစ်ပေးထား

ထို့အပြင် ကိုယ်စားလှယ်ကြီးများ လိုအပ်မည့်ပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် အမှတ်(၁)စက်မှုဝန်ကြီးဌာန အရောင်းဆိုင်နှင့် GEC အရောင်းဆိုင်များ ဖွင့်လှစ်ထားသကဲ့သို့ ဆံပင်ညှပ်ဆိုင်၊ အလှပြင်ဆိုင်၊ ခဝါဆိုင်၊ မျက်မှန်ဆိုင်၊ စားသောက်ဆိုင်စသည်များကိုလည်း ဖွင့်လှစ်ပေးထားပါကြောင်း။

သွားလာရေး အဆင်ပြေစေရန်လည်း စီစဉ်ဆောင်ရွက်ထားသကဲ့သို့ စာတိုက်၊ တယ်လီဖုန်း၊ ဖက်စ်စသည့် ဆက်သွယ်ရေးဆိုင်ရာများကိုလည်း ပြည့်စုံအောင် စီစဉ်ထားရှိပါကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်လာအောင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် အမျိုးသားညီလာခံသည် ပထမဆုံးနှင့် ပဓာနအကျဆုံး မူဝါဒလမ်းစဉ်ပဲဖြစ်ပါကြောင်း၊ ဤညီလာခံကြီးကို မြန်မာတစ်နိုင်ငံလုံးမှာရှိသည့် လူထု လူတန်းစား အလွှာအသီးသီးက ကိုယ်စားလှယ်များသည် တိုင်းချစ် ပြည်ချစ်စိတ်၊ ပြည်ထောင်စုစိတ်နှင့် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူပြီး တက်ရောက်ဆွေးနွေး အကြံဉာဏ်များပေးလျက်ရှိနေကြပါကြောင်း။

အားလုံးအသိဖြစ်

ဤကဲ့သို့အခြေအနေကို မနာလိုမရှုဆိတ် မကြည့် မမြင်လိုသည့်

စာမျက်နှာ ၇ ကော်လံ ၁

✡ *ကျောဖုံးမှ*

စုံညီအစည်းအဝေးတက်ရောက်

အဆိုပါ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခ)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခ)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည် နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့ ၁၇ဖွဲ့ အပါအဝင် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များတက်ရောက်ကြပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ခေါင်းဆောင်နာယက တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Li Jinjun နှင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံသံရုံးတို့မှ သံအမတ်ကြီးများ နီပေါနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံ သံရုံးတို့မှ သံရုံးယာယီ တာဝန်ခံများ၊ အီဂျစ်အာရပ်သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူး၊ မြန်မာနိုင်ငံခြားသတင်းထောက်များအသင်း နာယက၊ ဥက္ကဋ္ဌနှင့် အသင်းဝင်သတင်းထောက်များ၊ ပြန်ကြားရေးနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ ပြည်ပသတင်းဌာနများဖြစ်သည့် The Yomiuri Shimbun, Fuji Television Network Inc., Tokyo Broadcasting System(TBS), The Nishinippon Newspaper Co., The Sankei Shimbun, N.H.K, The Mainichi Newspaper, Nippon Television Network Corp.(NTV), The Tokyo Shimbun, The Churuchi Shimbun, Asahi Shimbun, VOA, EPA, TV Asahi News, AFP, Ji Ji Press, Reuters, A.Pနှင့် Kyodo သတင်းဌာနများမှ သတင်းထောက်များ တက်ရောက်လေ့လာကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

(သတင်းစဉ်)

မှတ်တမ်းလက်မှတ်ထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇နာရီခွဲမှစတင်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ

စာမျက်နှာ ၈ ကော်လံ ၁

လက်မှတ် ရေးထိုး

အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

စာမျက်နှာ ၆ မှ

ပြည်တွင်း ပြည်ပအဖျက်အမှောင့်သမားများက ဤညီလာခံကြီး မကျင်းပနိုင်အောင် အောင်အောင်မြင်မြင်ပြီးမြောက်နိုင်ခြင်းမရှိအောင်၊ အခက်အခဲများဖြစ်ပေါ်အောင် ကြံစည်အားထုတ်နေကြသည်ဆိုသည်ကို အားလုံးအသိပဲ ဖြစ်ပါကြောင်း။

အထူးကြပ်မတ်

ယနေ့မိမိတို့၏ ညီလာခံကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွက် အလွန်အရေးကြီးသော ညီလာခံဖြစ်သကဲ့သို့ သမိုင်းမော်ကွန်းတင်ရမည့် ညီလာခံလည်းဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်တော်ကြီးများသည်လည်း အနာဂတ်နိုင်ငံတော်၏ ကံကြမ္မာကို တည်ဆောက်နေကြသည့် ပုဂ္ဂိုလ်များဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ညီလာခံကြီးကိုသော်လည်းကောင်း၊ ကိုယ်စားလှယ်တော်ကြီးများကိုသော် လည်းကောင်း၊ ကိုယ်စားလှယ်တော်ကြီး တစ်ဦး တစ်ယောက်ကိုသော်လည်းကောင်း မှဲ့တစ်ပေါက်တောင်အစွန်းမခံနိုင်ပါကြောင်း၊ မည်သည့်အန္တရာယ် တစ်စုံ တစ်ရာဖြစ်တာမျှ လက်မခံနိုင်ပါကြောင်း၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၏ အဖွင့်မိန့်ခွန်းတွင် ပြောကြားသွားသည့်အတိုင်း လောကသဘာဝအရ အဖျက်သမားတွေ၊ အဖျက်အမှောင့် လုပ်ရပ်တွေရှိနေစမြဲဖြစ်ပါကြောင်း၊ ထို့ကြောင့် လိုအပ်သည့် လုံခြုံရေးဆိုင်ရာကိစ္စများကို အထူးကြပ်မတ် ဆောင်ရွက်ထားရှိရခြင်း ဖြစ်ပါကြောင်း။

စုံစမ်းမေးမြန်းနိုင်

ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် မရှင်းလင်းသည်များ၊ သိလိုသည်များရှိလျှင်လည်း နောက်ပိုင်း၌ အချိန်မရွေး စုံစမ်းမေးမြန်းနိုင်ပါကြောင်း၊ နေထိုင်ရေး၊ ကျန်းမာရေး၊ စားသောက်ရေး၊ ကိုယ်ရေးကိုယ်တာကိစ္စများ အပါအဝင် မည်သည့်အခက်အခဲမဆို မိမိတို့တာဝန်ရှိသူအားလုံးက အစွမ်းကုန်ကူညီဆောင်ရွက်ပေးပါမည်ဟု ပြောကြားလိုပါကြောင်း။

အစွမ်းကုန်ညှိနှိုင်း

ကိုယ်စားလှယ်တော်ကြီးများအနေဖြင့်လည်း ညီလာခံကာလအတွင်း၌ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ရေးဆွဲရာတွင် အသေးစိတ် အခြေခံရမည့်မူများ ရရှိအောင် အကြံကောင်း၊ ဉာဏ်ကောင်းများစွာဖြင့် အစွမ်းကုန်ညှိနှိုင်းကြိုးပမ်း ဆောင်ရွက်ပေးကြပါဟု ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါကြောင်း ဖြင့် ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူးတို့အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များနားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမကျင်းပမီ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့်လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် ကော်မတီအဖွဲ့ဝင်များသည် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပပုံများကို တက်ရောက်လေ့လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့်ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူးတို့အား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပပုံများကို တက်ရောက်၍ သတင်းရယူလေ့လာကြသည့် ပြည်တွင်းပြည်ပသတင်းထောက်များအားလည်း ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ၎င်းတို့၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သည်။

အစည်းအဝေးစတင်

ရှေးဦးစွာ အခမ်းအနားမှူး အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံကို တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ်၁၀၈၁ ဦးရှိပြီး ၁၀၇၅ဦးတို့ တက်ရောက်လာကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ဒသမ၄၄ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမျိုးသားညီလာခံ စုံညီ အစည်းအဝေးအဖွင့်မိန့်ခွန်းပြောကြားပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။ **(သဘာပတိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ အဖွင့်မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ပြန်လည်ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

(အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းပြောကြားသော အမျိုးသားညီလာခံ လုပ်ထုံးလုပ်နည်းဆိုင်ရာ ရှင်းလင်းချက်များကို သီးခြားဖော်ပြထားပါသည်။)

သဘာပတိအဖွဲ့ဝင်များ

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခ)ဦးလှမြင့်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးယောအေးလှ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမြအေး၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာ မျိုးသန့်တင်၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာဦးသိန်းဦးဘိုးစော၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဦးထွန်းအောင်ချိန်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

အကြံပြုဆွေးနွေး

ထို့နောက် စုံညီအစည်းအဝေး အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကိုကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)က ရှင်းလင်းတင်ပြရာတွင် ၂၀၀၄ခုနှစ် မေလ ၁၇ရက်နေ့မှ ဇူလိုင်လ၉ရက်နေ့ထိကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအနက် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ကိုယ်စားလှယ်အစုအဖွဲ့အလိုက် ကိုယ်စားလှယ်များက စာတမ်းများတင်သွင်းလျက် အကြံပြုဆွေးနွေးသွားကြပြီးဖြစ်ကြောင်း။

၂၀၀၄ ခုနှစ် ဇွန်လ ၂၄ရက်နေ့မှ ဇူလိုင်လ ၉ရက်နေ့အထိ ကျင်းပပြီးစီးခဲ့သည့် စုံညီအစည်းအဝေးတွင် ကိုယ်စားလှယ်အစုအဖွဲ့အလိုက်တင်ပြခဲ့ကြသည့် အကြံပြုချက်စာတမ်းများသည် (က) နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များအစုအဖွဲ့က ခုနစ်စောင်၊ (ခ) ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားများအစုအဖွဲ့က ငါးစောင်၊ (ဂ) တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့က တစ်စောင်၊ (ဃ) တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့က တစ်စောင်၊ (င) အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့က တစ်စောင်၊ (စ) အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့က တစ်စောင်၊ (ဆ) နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က တစ်စောင်၊ (ဇ) အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့ကတစ်စောင် စုစုပေါင်း ၁၈ စောင်ဖြစ်ပါကြောင်း။

ထိုအကြံပြုချက်စာတမ်းများကိုလည်း အမျိုးသားညီလာခံစုံညီအစည်းအဝေးကြီးတွင် အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်အချို့တို့ကဖတ်ကြားတင်ပြခဲ့ကြသည့်အတွက် ညီလာခံကိုယ်စားလှယ်များအားလုံး ကြားသိကြပြီးဖြစ်ပါကြောင်း၊ ဤအကြံပြုချက်စာတမ်းများပါ အကြံပြုတင်ပြချက်များအပေါ် သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်များကိုတင်ပြသွားမည်ဖြစ်ပါကြောင်း။

၂၀၀၄ခုနှစ် မေလ ၁၈ရက်နေ့မှာ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက “နိုင်ငံတော်၏ဥပဒေပြုခွင့်အာဏာခွဲဝေအပ်နှင်းရေးနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံက နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်တို့အား ခွဲဝေအပ်နှင်းသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအား နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သောဥပဒေပြုရေးအာဏာကို ခွဲဝေအပ်နှင်းမည်ဟု အခြေခံမူတစ်ရပ် ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း။

ဤချမှတ်ထားသည့် အခြေခံမူနှင့်အညီ ဥပဒေပြုခွင့်အာဏာ ခွဲဝေအပ်နှင်းရာတွင် ဖြစ်သင့်ဖြစ်ထိုက် ရသင့်ရထိုက်၊ ခွဲဝေပေးသင့် ခွဲဝေပေးထိုက်သည့်အတိုင်း အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသည် ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များကိုလည်းကောင်း၊ လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်သူများကိုလည်းကောင်း ဖိတ်ကြားဆွေးနွေးပြီး လိုအပ်သည့် အချက်အလက်အထောက်အထားများကို စုဆောင်းလေ့လာခဲ့ပါကြောင်း၊ ထို့အပြင် ဝန်ကြီးဌာနများအလိုက် တာဝန်ယူအကောင်အထည်ဖော်လျက်ရှိသည့် လုပ်ငန်းများနှင့်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြသော အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

ကမ္ဘာပေါ်ရှိ တိုးတက်သောနိုင်ငံတိုင်းတွင်လိုလို နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာဥပဒေပြုခွင့်အာဏာကို ပြည်သူ့ကိုယ်စားလှယ်များပါဝင်သော နိုင်ငံတော်၏အကြီးဆုံးပြည်ထောင်စုလွှတ်တော်က စီမံမြဲဖြစ် ကမ္ဘာ့စစ်ပွဲသမိုင်းများအရ ခေတ်မီတပ်မတော်နှင့်ပြည်သူလက်တွဲမှသာ ထိရောက်စွာကာကွယ်နိုင်မည် အကြမ်းဖက်ကိစ္စများမပေါ်ပေါက်ရေး ထမ်းဆောင်ရမည့်တာဝန်မှာ နိုင်ငံသားတိုင်း၏မွေးရာပါတာဝန်ဖြစ်

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပပုံများကို တက်ရောက်သတင်းယူလေ့လာကြသည့် ပြည်တွင်းပြည်ပသတင်းထောက်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ၎င်းတို့၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

စပ်လျဉ်းပြီး ဗဟိုအဆင့်တွင်လည်းကောင်း၊ ပြည်နယ်၊ တိုင်းအဆင့်တွင်လည်းကောင်း ကြုံတွေ့ရသည့် အားသာချက် အားနည်းချက်များကိုလည်း အသေးစိတ်လေ့လာခဲ့ပါကြောင်း။

ဂရုပြုလေ့လာခဲ့

ဥပဒေပြုရေး အာဏာခွဲဝေအပ်နှင်းခြင်းနှင့်စပ်လျဉ်း၍ ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ပါရှိသည့် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ပြည်နယ်ဥပဒေပြုစာရင်းများကိုလည်း လေ့လာခဲ့ပါကြောင်း၊ ထို့အပြင် ဗြိတိသျှကိုလိုနီလက်အောက်က လွတ်မြောက်ခဲ့သည့် ဘဝတူနိုင်ငံအချို့နှင့် အခြားနိုင်ငံအချို့တို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပြဋ္ဌာန်းပါရှိသော ဥပဒေပြုရေးအာဏာခွဲဝေအပ်နှင်းထားမှုများကိုလည်း ဂရုပြုလေ့လာခဲ့ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုလည်းကောင်း ခွဲဝေအပ်နှင်းသင့်သည့် ဥပဒေပြုစာရင်းလျာထားချက်နှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ထိုလွှတ်တော်နှစ်ရပ်ပါရှိသော ပြည်ထောင်စုလွှတ်တော်ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့ကိုလည်းကောင်း ခွဲဝေအပ်နှင်းသင့်သည့်ဥပဒေပြုစာရင်းလျာထားချက်များကို ကဏ္ဍ(၁၁)ခုခွဲခြားပြီး ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါကြောင်း၊ အဲဒီကဏ္ဍ(၁၁)ခုမှာ (၁) ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ (၂) နိုင်ငံခြားရေးကဏ္ဍ၊ (၃) ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍ၊ (၄) စီးပွားရေးကဏ္ဍ၊ (၅) စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ၊ (၆) စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့်သစ်တောကဏ္ဍ၊ (၇) စက်မှုလက်မှုကဏ္ဍ၊ (၈) ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ (၉) လူမှုရေးကဏ္ဍ၊ (၁၀) စီမံခန့်ခွဲရေးကဏ္ဍနဲ့ (၁၁) တရားစီရင်ရေးကဏ္ဍတို့ ဖြစ်ပါကြောင်း” ရှင်းလင်းပြောကြားခဲ့ပါကြောင်း။

ဆက်လက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌက “ထိုကဏ္ဍ(၁၁)ခုအနက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သော ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍအောက်မှာပါရှိမည့် ကိစ္စများနှင့်စပ်လျဉ်း၍ အောက်ပါ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့် မသင့် ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုကြရန် ဖြစ်ပါကြောင်း။

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်မြေအစိတ်အပိုင်းများ ကာကွယ်ရေး၊ ယင်းသို့ကာကွယ်ရေးအတွက် စီမံပြင်ဆင်ခြင်း၊ (၂) ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများ၊ (၃) ဓါတုနှင့်ဓာတုစသည့် လက်နက်များအပါအဝင် လက်နက်ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ၊ (၄) အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့် ယင်းတို့ကို ဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်းအခြေအမြစ်များ၊ (၅) စစ်ကြေညာခြင်းနှင့် စစ်ပြေငြိမ်းခြင်း၊ (၆) နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ (၇) ရဲတပ်ဖွဲ့တို့ဖြစ်ပါကြောင်း” ရှင်းလင်းပြောကြားသွားခဲ့ပါကြောင်း။

ဆွေးနွေးတင်ပြ

ထိုရှင်းလင်းချက်နှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော နိုင်ငံရေးပါတီခုနစ်ပါတီအနက် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီက “ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍအောက်မှာပါရှိသည့် ကိစ္စရပ်များကို အသေးစိတ်အခြေခံရမည့်မူများချမှတ်သင့် မသင့်နှင့်ပတ်သက်၍ မိမိတို့ပါတီအနေဖြင့် ဆွေးနွေးလေ့လာသုံးသပ်ရာတွင် ယင်းကဏ္ဍအောက်တွင် ပါဝင်သော ကိစ္စရပ်အားလုံးသည် ပြည့်ပြည့်စုံစုံနှင့်သင့်လျော်ကောင်းမွန်မှု ရှိကြောင်းတွေ့ရပါကြောင်း” ဆွေးနွေးတင်ပြသွားပါကြောင်း။

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင်ပါဝင်သော ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်က “နိုင်ငံတော်လုံခြုံရေးသည် ပြည်သူများ၏ အသက် အိုးအိမ်စည်းစိမ်ကို တစ်နိုင်ငံလုံးအတိုင်းအတာအရ လုံခြုံမှုရှိအောင် မလွဲမသွေ ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ကာကွယ်ရေးနှင့်လုံခြုံရေးအင်အား တောင့်တင်းပါမှ တိုင်းတစ်ပါးကျူးကျော်နယ်ချဲ့လိုသူများ၏ ရန်စခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကျူးကျော်ခြင်းတို့ကို တွန်းလှန်ဖြိုဖျက်နိုင်မည်ဖြစ်ပါကြောင်း၊ ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် လိုအပ်သည်မှန်သမျှ ကြိုတင် ပြင်ဆင်ထားရမည်ဖြစ်ပါကြောင်း၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ အချက်ခုနစ်ချက်ကို ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူအဖြစ် ဖော်ပြသင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားပါကြောင်း။

ထိုကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သော မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့က “(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်မြေအစိတ်အပိုင်းများ ကာကွယ်ရေး၊ ယင်းသို့ ကာကွယ်ရေးအတွက် စီမံပြင်ဆင်ခြင်း၊ (၂) ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများ၊ (၃) ဓါတုနှင့် ဓာတုစသည့်လက်နက်များအပါအဝင် လက်နက်ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ၊ (၄) အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့် ယင်းတို့ကို ဖြစ်ထွန်းစေသော ဓာတ်သတ္တု ပင်ရင်းအခြေအမြစ်များ၊ (၅) စစ်ကြေညာခြင်း

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)



စာမျက်နှာ ၉ မှ

နှင့် စစ်ပြေငြိမ်းခြင်း၊ (၆) နိုင်ငံတော်တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ (၇) ရဲတပ်ဖွဲ့တို့အား ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း” ဆွေးနွေးတင်ပြသွားပါကြောင်း။

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက “(၁) ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ (၂) နိုင်ငံခြားရေးကဏ္ဍ၊ (၃) တရားစီရင်ရေးကဏ္ဍတို့သည် နိုင်ငံတစ်နိုင်ငံလုံး၏ အရေးကိစ္စအတွက် ဆောင်ရွက်ရန် သင့်လျော်သည့် လုပ်ငန်းအခန်းကဏ္ဍများဖြစ်သဖြင့် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍအတွက် လျာထားသည့် အသေးစိတ် အခြေခံရမည့်မူ ခုနစ်ချက်၊ နိုင်ငံခြားရေးကဏ္ဍအတွက် လျာထားသည့် အသေးစိတ်အခြေခံရမည့်မူခုနစ်ချက်၊ တရားစီရင်ရေးကဏ္ဍအတွက်လျာ ထားသည့် အသေးစိတ်အခြေခံရမည့်မူ ၁၁ချက်တို့သည် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍနှင့် တရားစီရင်ရေးကဏ္ဍတို့အတွက် ဥပဒေပြုဖို့ လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြထားခြင်းသည် မှန်ကန်သင့်လျော်သည်ကို တွေ့ရှိရပါကြောင်း” ဆွေးနွေးတင်ပြသွားပါကြောင်း။

ကာကွယ်ရေးအင်အားတောင့်တင်းပါမှ တိုင်းတစ်ပါးကျူးကျော်မှု တွန်းလှန်နိုင်မည်

ထိုကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သော ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်က “ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍနှင့် စပ်လျဉ်း၍ မိမိတို့နိုင်ငံအတွက် ကာကွယ်ရေးနှင့် လုံခြုံရေးသည် အလွန်အရေးကြီးသဖြင့် ခေတ်မီပြီး အင်အားတောင့်တင်းခိုင်မာသည့် နိုင်ငံတစ်နိုင်ငံဖြစ်ရန် လိုအပ်ပါကြောင်း၊ ဤကဏ္ဍနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားသည့် အထဲတွင် ပြီးပြည့်စုံစွာ ရှင်းလင်းပြောကြားထားပြီး ဖြစ်ပါကြောင်း။

ဆွေးနွေးတင်ပြ

၎င်းအချက် ခုနစ်ချက်ကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း” ဆွေးနွေးတင်ပြသွားပါကြောင်း။

ထိုကိုယ်စားလှယ်များ အစုအဖွဲ့မှာ ပါဝင်သည့် ‘ဝ’အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက ထိုသို့ နိုင်ငံတော်တွင် ခိုင်မာတောင့်တင်းသော ကာကွယ်ရေးအင်အားရှိရန် တစ်မုဟုတ်ချင်း ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ နိုင်ငံတော်ကာကွယ်ရေးအတွက် လိုအပ်သည်များကို ကြိုတင်စီမံပြင်ဆင်ကြရမည်ဖြစ်ပါကြောင်း၊ ဥပဒေပြုဖို့လိုအပ်လာလျှင် ဥပဒေများပြဋ္ဌာန်း ကြရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ နယ်မြေအစိတ်အပိုင်းများ ကာကွယ်ရေး၊ ယင်းသို့ ကာကွယ်ရေးအတွက် စီမံပြင်ဆင်ခြင်းနဲ့ပတ်သက်ပြီး ဥပဒေပြုဖို့ လိုအပ်လာသည့်အခါ ဥပဒေများပြဋ္ဌာန်းပေးနိုင်ဖို့အတွက် ပြည်ထောင်စုဥပဒေပြု စာရင်းတွင် ဖော်ပြသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

သဘာပတိအဖွဲ့ဝင်များ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လေ့လာကြသော ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူးတို့အား တွေ့ရစဉ်။ (သတင်းစဉ်)

ဤကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သော ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက “နိုင်ငံတော် လုံခြုံရေးသည်လည်း အလွန်အရေးကြီးလှပါကြောင်း၊ နိုင်ငံတော်တွင် လုံခြုံမှုရှိမှသာ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံမှုရှိပြီး အေးချမ်းသာယာမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အကြောင်းကိစ္စများနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းဖော်ပြချက်များကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း” ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လေ့လာကြသော ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ သံတမန်များနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူးတို့အား တွေ့ရစဉ်။ (သတင်းစဉ်)

ထို့အပြင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးအတွက် စီမံပြင်ဆင်ရာတွင် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းကိုလည်း လိုအပ်သလိုတည်ထောင်ဆောင်ရွက်ရမည်ဖြစ်၍ နိုင်ငံတော်ကာကွယ်ရေးအတွက် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများနှင့်ပတ်သက်ပြီး ဥပဒေပြုဖို့လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည်ကို တွေ့ရှိရပါကြောင်း။

ကာကွယ်စောင့်ရှောက်ပေးရမည်

နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးသည် ဆက်စပ်လျက်ရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်သည် ပြည်ပမှ ကျူးကျော်လာမယ့်အန္တရာယ်များကို ကာကွယ်ရမှာဖြစ်သကဲ့သို့ ပြည်တွင်းတွင်လည်း ပြည်သူများ၏ လုံခြုံရေးကိုလည်း ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်ပါကြောင်း၊ ဤသို့ ကာကွယ်စောင့်ရှောက်နိုင်ရန် ဇီဝနှင့်ဓာတုစသည့် လက်နက်များအပါအဝင် လက်နက်ခဲယမ်း မီးကျောက်များနှင့် ပေါက်ကွဲစေတက်သည့် ပစ္စည်းများနှင့် ပတ်သက်၍ တိကျစွာ ထိန်းချုပ်ပေးမည့် ဥပဒေရှိရန် လိုအပ်နေသည်ကို တွေ့ရှိရပါကြောင်း၊ ဤကိစ္စအတွက် ဥပဒေပြုဖို့လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန်အတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။ *စာမျက်နှာ ၁၁ ကော်လံ ၁ သို့*

နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်ဖြစ်

စာမျက်နှာ ၁၀ မှ

ယခုအခါ နည်းပညာများ တိုးတက်ထွန်းကားလာသည်နှင့်အမျှ အရပ်ဘက်ဆိုင်ရာနှင့် စစ်ဘက်ဆိုင်ရာတို့တွင် အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်တို့ကို အသုံးပြုလျက် ရှိနေကြပါကြောင်း၊ အဆိုပါ အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်တို့သည် ယင်းတို့ကို ဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်းအခြေအမြစ်များက တစ်ဆင့်ရရှိကြခြင်းဖြစ်ပြီး အဆိုပါအဏုမြူစွမ်းအင်၊ လောင်စာ၊ ရောင်ခြည်နှင့် ယင်းတို့ကို ဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်း အခြေအမြစ်များကို မှန်ကန်စွာ ထိန်းချုပ်အသုံးမပြုနိုင်ပါက ပြည်သူတို့အတွက် ဆိုးကျိုးအန္တရာယ်များ ဖြစ်ထွန်းနိုင်သည်ကို လူထုဆက်သွယ်ရေးဌာနများမှတစ်ဆင့် နေ့စဉ်မြင်တွေ့ကြားသိနေရပါကြောင်း၊ အဆိုပါအဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့် ယင်းတို့ကိုဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်းအခြေအမြစ်များကို နိုင်ငံတော်အဆင့်ကသာ ထိန်းချုပ်ရန် လိုအပ်သည့်အတွက်ကြောင့် ယင်းတို့နှင့်ပတ်သက်ပြီး ဥပဒေပြုဖို့လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားတွင် စစ်ကြေညာခြင်းနှင့် စစ်ပြေငြိမ်းခြင်းကို သက်ဆိုင်ရာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်၏ အမြင့်ဆုံးဥပဒေပြု အဖွဲ့အစည်းဖြစ်သည့် လွှတ်တော်များကိုသာ အပ်နှင်းလေ့ရှိပါကြောင်း၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံမလွဲမရှောင်သာလို့ စစ်ဖြစ်ပွားသည့်အခါတွင် စစ်ပြေငြိမ်းခြင်းရှိနိုင်သကဲ့သို့ နိုင်ငံအချင်းချင်း သဘောတူညီချက်အရ စစ်ပြေငြိမ်းခြင်းရှိနိုင်သကဲ့သို့ နိုင်ငံတစ်ခုခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ကြားဝင်ဖြန်ဖြေပေးမှုကြောင့် စစ်ပြေငြိမ်းမှုများ ရှိနိုင်ပါကြောင်း၊ ဤကိစ္စများသည် တစ်နိုင်ငံလုံးနှင့်သက်ဆိုင်သော ကိစ္စဖြစ်သည့်အတွက်ကြောင့် ဥပဒေပြုဖို့ လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

နိုင်ငံတစ်ဝန်းလုံး အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်ကြီးဖြစ်လာအောင် ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးတွင် တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းတည်ငြိမ်ရေးနှင့်လုံခြုံရေးစနစ်တကျရှိရန် အရေးကြီးလိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ဤလိုရှိဖို့ ဥပဒေပြုဖို့လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း လေ့လာတွေ့ရှိရပါကြောင်း။

လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်ခုနစ်ရပ်ကို ဥပဒေပြုရန် လိုအပ်လျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန်သင့်သဖြင့် အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့ ရှစ်ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင်ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက် စာတမ်းငါးစောင်အနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့၏သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင်ပါဝင်သည့် ယင်းတို့၏နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးချက်များ အတိုင်းပင် သက်ဆိုင်ရာကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရပါကြောင်း။

ထိုကိုယ်စားလှယ်အစုအဖွဲ့တွင်ပါဝင်သော ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမူထန်နှင့် ရှမ်းပြည်နယ် ရွာငံမြို့နယ်မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းတို့က “နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အကြောင်းကိစ္စများကို ရှင်းလင်းပြောကြားခဲ့ရာတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ရှင်းလင်းတင်ပြချက်များသည် ကြောင်းကျိုးဆီလျော်မှုရှိသဖြင့် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်းတင်ပြအပ်ပါကြောင်း” ဆွေးနွေးတင်ပြသွားပါကြောင်း။

သတိပြုသင့်သည့်အချက်

ဤကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်သော တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြသည့် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်းကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်းနှင့် မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းမောင်တို့က “ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး၏ ရှင်းလင်းချက်ပါအတိုင်း ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း၊ ဖြည့်စွက်အကြံပြုတင်ပြစရာ မရှိသော်လည်း သတိပြုသင့်သည့်အချက်တစ်ချက်ကို တင်ပြလိုပါကြောင်း။

ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ပါဝင်သော အသေးစိတ်အခြေခံရမည့်မူများအနက် ဇီဝနှင့်ဓာတုလက်နက်များ၊ အဏုမြူစွမ်းအင်၊ ပိုးသတ်ဆေးစသည့်ကိစ္စရပ်များသည် တစ်ခါတစ်ရံတွင် မတော်တဆဖြစ်မှုများ ကြုံတွေ့ရတတ်ပါကြောင်း၊ ဥပမာ–ဆိုဗီယက်ပြည်ထောင်စုရှိစဉ်က ချာနိုဗိုင်းအဏုမြူဓာတ်ပေါင်းဖိုကိစ္စ၊ အိန္ဒိယနိုင်ငံက ဗိုပါး(လ်)ကိစ္စမျိုးတို့ ဖြစ်ပါကြောင်း၊ ဤသို့ဖြစ်ခဲ့လျှင် လက်တွေ့ဆိုးကျိုးများကို ဒေသခံပြည်သူများက ခံစားကြရပါကြောင်း၊ ထို့ကြောင့် ဤကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဒေသအဖွဲ့အစည်းများနှင့်တိုင်ပင်ညှိနှိုင်း အသိပေးဆောင်ရွက်သင့်ကြောင်း သတိပြုသင့်သည့်အချက်တစ်ခုအနေဖြင့် တင်ပြလိုပါကြောင်း” ဆွေးနွေးတင်ပြသွားပါကြောင်း။

လွှတ်တော်ကိုအပ်နှံစေမြဲ

ထိုကိုယ်စားလှယ် အစုအဖွဲ့တွင်ပါဝင်သော ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်က နိုင်ငံတော်ကာကွယ်ရေးနှင့် နိုင်ငံတော်လုံခြုံရေးကဏ္ဍကို ဆွေးနွေးအကြံပြုလိုပါကြောင်း၊ နိုင်ငံတော်တစ်ခုအနေဖြင့် ကမ္ဘာတွင်အခြားနိုင်ငံများနှင့် ယှဉ်တွဲပြီး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသား ညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျ သဘာပတိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မားမားမတ်မတ် ရပ်တည်နိုင်ရန်ဆိုသည်မှာ “နိုင်ငံတော်ကာကွယ်ရေးအင်အားတောင့်တင်းခိုင်မာရန် အလွန်ရေးကြီးပါကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းလိုလိုတွင် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ ဥပဒေပြုခွင့်အာဏာကို တစ်နိုင်ငံလုံးမှ ကိုယ်စားလှယ်များပါရှိပြီး တစ်နိုင်ငံလုံးအရေးကိစ္စ စီမံဆောင်ရွက်နိုင်ခွင့်ရှိသည့် ဗဟိုအဆင့်လွှတ်တော်ကိုသာ အပ်နှံကြစမြဲဖြစ်ပါကြောင်း။

နိုင်ငံတော်ကို ပြည်တွင်း၊ ပြည်ပရန်မှ ကာကွယ်ရန်လိုအပ်သကဲ့သို့ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် နိုင်ငံသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်တို့ကို လုံခြုံမှုရှိအောင် စီမံဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်တစ်ဝန်းလုံး တည်ငြိမ်အေးချမ်းသာယာပါမှ၊ လုံခြုံမှုရှိပါမှ နိုင်ငံတော်ကို ဘက်စုံတိုးတက်ဖွံ့ဖြိုးအောင် အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တင်ပြထားသော နိုင်ငံတော်ကာကွယ်ရေးနှင့် နိုင်ငံတော်လုံခြုံရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများသည် ကြောင်းကျိုးလျော်ကန်သင့်မြတ်သည့်အတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ထည့်သွင်းသင့်ကြောင်း ဆွေးနွေးတင်ပြအပ်ပါကြောင်း” ဆွေးနွေးတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သော တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင် သီးခြားအကြံပြုချက်အနေဖြင့် “ကာကွယ်ရေးဆိုင်ရာ ကဏ္ဍနှင့် စပ်လျဉ်းပြီး လူသားအရင်းအမြစ်များဖြစ်သည့် စစ်သည်တော်များကို ကျန်းမာသန်စွမ်းပြီး ရဲစွမ်းသတ္တိနှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိသည့် စစ်သည်တော်များရရန် အချိန်ယူပြုစုပျိုးထောင်လေ့ကျင့်ပေးရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ခေတ်မီလက်နက်ပစ္စည်း(Weapon)များကို ကိုင်တွယ်နိုင်စွမ်းရှိသည့် ဉာဏ်ရည်ထက်မြက်သည့် စစ်သည်တော်များ၊ အနာဂတ်နိုင်ငံတော် ကာကွယ်ရေးစွမ်းဆောင်ရည်ပြည့်ဝသည့် သားကောင်းရတနာများ အများအပြားပေါ်ထွက်ရေးအတွက် နိုင်ငံတော်ကာကွယ်ရေးအမြင်နှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာရောရုပ်ပိုင်းဆိုင်ရာပါ ပြည့်စုံအားကိုးလောက်သည့် နိုင်ငံ့သားကောင်း သမီးကောင်းများ အင်တိုက်အားတိုက် မွေးထုတ်သင့်ပါကြောင်း၊ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ထူထောင်ခဲ့သည့် ဘုရင့်နောင်ကျော်ထင်နော်ရထာမင်းတရားကြီးက နောင်ရိုးတိုက်ပွဲတွင် မိန့်ဆိုခဲ့ဖူးတာရှိပါကြောင်း၊ စစ်ရဲ့သဘောမှာ အင်အားများသည် နည်းသည် ပဓာနမဟုတ်၊ လုပ်ရည်ကိုင်ရည်ကြံရည်ဖန်ရည် ရဲစွမ်းသတ္တိအရင်းခံဖြစ်ကြောင်း မိန့်ကြားခဲ့ဖူးပါကြောင်း၊ နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးသည် မြန်မာနိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်ဖြစ်ပါကြောင်း၊ ယနေ့သိပ္ပံနှင့် နည်းပညာထွန်းကားသော မျက်မှောက်ခေတ်တွင် ကမ္ဘာ့စစ်ပွဲသမိုင်းများအရ ခေတ်မီတပ်မတော်နှင့်ပြည်သူ လက်တွဲဆောင်ရွက်မှသာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသား လူငယ်လူရွယ်များသည် ကျန်းမာကြံ့ခိုင်

အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်း ပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းအတွက်အသေးစိတ်အခြေခံရမည့် မူများချမှတ် နိုင် ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အကြံပြု တင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ ကိုယ်စား အလှည့်ကျ သဘာပတိ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခ)ဦးလှမြင့် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဉာဏ်ရည်ထက်မြက်ရေး၊ ရဲစွမ်းသတ္တိကောင်းသည့် နိုင်ငံ့သားကောင်း သမီးကောင်းများ မွေးထုတ်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားသင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း” ဆွေးနွေးတင်ပြသွားပါကြောင်း။

ထောက်ခံတင်ပြ

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သော တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့က “နိုင်ငံတိုင်းလိုလိုတွင် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ ဥပဒေပြုခွင့်အာဏာကို တစ်နိုင်ငံလုံးမှ ကိုယ်စားလှယ်များပါရှိပြီး တစ်နိုင်ငံလုံး၏ အရေးကိစ္စကို ဆောင်ရွက်ခွင့်ရှိသည့် ဗဟိုအဆင့်လွှတ်တော်များကိုသာ အပ်နှင်းလေ့ရှိကြောင်းကို တွေ့ရပါကြောင်း။

နိုင်ငံတော်၏ လုံခြုံရေးသည်လည်း နိုင်ငံတော်ကာကွယ်ရေးလိုပင် သက်ဆိုင်ရာနိုင်ငံအဖို့ အလွန်အရေးကြီးပါကြောင်း၊ နိုင်ငံတော်လုံခြုံမှုရှိမှသာ နိုင်ငံတော်သည် တည်ငြိမ်အေးချမ်းမည်ဖြစ်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှသာ နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အားသွန်ခွန်စိုက်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုတစ်ဝန်းလုံးအတွက် အထူးလိုအပ်သည့် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာကိစ္စရပ်များကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်း” ဆွေးနွေးတင်ပြသွားပါကြောင်း။

အကြမ်းဖက်ဝါဒပျံ့နှံ့

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သော အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က “မိမိတို့နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ စဉ်းစားသည့်အခါတွင် သတိမလစ်ရမည့် အချက်တစ်ခုမှာ ကိုယ်စားလှယ်တော်ကြီးများလည်း သတိထားမိကြပြီးဖြစ်သည့် အစွန်းရောက်သမားများ၏ အကြမ်းဖက်ဝါဒပင် ဖြစ်ပါကြောင်း၊ ထိုအကြမ်းဖက်ဝါဒကလည်း တစ်ကမ္ဘာလုံးလိုလို ပျံ့နှံ့နေသည်ဖြစ်ကြောင်း။

ဤသို့ အကြမ်းဖက်သည့် ကိစ္စမျိုးများကို မပေါ်ပေါက်အောင် ထမ်းဆောင်ရမည့်တာဝန်သည် မိမိတို့ နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်ဖြစ်ပါကြောင်း။

မိမိတို့ အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့အနေဖြင့် အထက်ကမိမိတင်ပြသွားသည့်အချက်များ၊ ဖြစ်ရပ်မှန်များကို အထောက်အထားပြုပြီး ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို တစ်နိုင်ငံလုံးမှာရှိသည့် ပြည်ထောင်စုတိုင်းရင်းသား ကိုယ်စားလှယ်များပါဝင်သော ပြည်ထောင်စုလွှတ်တော်ကသာ ဥပဒေပြုနိုင်သည့် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံမူများ ချမှတ်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း”ဆွေးနွေးတင်ပြသွားပါတယ်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး ဆိုင် ရာ အာဏာ ခွဲဝေမှု အပိုင်းအတွက် အ သေး စိတ် အခြေခံရမည့် မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးယောအေးလှ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး ဆိုင် ရာ အာဏာ ခွဲဝေမှု အပိုင်းအတွက် အ သေး စိတ် အခြေခံရမည့် မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းရင်လော ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများကို နိုင်ငံတော်၏အကျိုးပြုအင်အားအဖြစ်ထားရှိသင့်

စာမျက်နှာ ၁၁ မှ

ဥပဒေပြဋ္ဌာန်း

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သော အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က "နိုင်ငံတော်ကာကွယ်ရေးကို ရေတိုရေရှည်မျှော်မှန်းပြီး လိုအပ်သည့်အစီအမံများ ချမှတ်ထားရှိခြင်း၊ အခါမလပ် လေ့ကျင့်သားပြည့်ဝနေအောင် ဆောင်ရွက်နေရခြင်း၊ အချိန်အခါနှင့်အညီ တက်ကြွသွက်လက်ပြီး တောင့်တင်းခိုင်မာစွာ ဖွဲ့စည်းရပ်တည်သွားရမည့် စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော်ကြီးတစ်ခု ဖြစ်လာစေရေး၊ ရေပက်မဝင်သည့် ဥပဒေပြဋ္ဌာန်းမှုများနှင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စရပ်များကို ဥပဒေပြုရန်လိုအပ်ပါက ဥပဒေပြဋ္ဌာန်းနိုင်ရန် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်ကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့အပြင် သီးခြားအကြံပြုချက်အနေဖြင့် "ထို့အပြင် အောက်ပါအကြောင်းကိစ္စရပ်များကိုလည်း သက်ဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းသည့်အခါ လျော်ကန်သင့်မြတ်သလို ထည့်သွင်းဖော်ပြသင့်ပါကြောင်း အကြံပြုအပ်ပါကြောင်း။

(၁) ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နယ်မြေအစိတ်အပိုင်းများ ကာကွယ်ရေး၊ ယင်းသို့ကာကွယ်ရေးအတွက် စီမံပြင်ဆင်ခြင်းပြုရာ၌ အကြမ်းဖက်မှုနှင့် အကျပ်ကိုင်မှုများ ကာကွယ်ဟန့်တားရေး၊

(၂) ဇီဝနှင့် ဓာတုစသည့် လက်နက်များအပါအဝင် လက်နက်ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ ဥပဒေပြဋ္ဌာန်းရာတွင် သမားရိုးကျလက်နက်ခဲယမ်းမီးကျောက်များနှင့် ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ၊ သမားရိုးကျမဟုတ်သော နည်းပညာအဆင့်မြင့် မဟာဗျူဟာမြောက် လက်နက်များဟူသောအချက်ကို ထည့်သွင်းစဉ်းစားပေးပါရန်။

(၃) အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့် ယင်းတို့ကိုဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်းအခြေအမြစ်များနှင့်စပ်လျဉ်းသည့် လုံခြုံရေးအဆင့်မြင့်အရာဝတ္ထုပစ္စည်း၊ နယ်မြေ၊ နည်းပညာ သုတေသန၊ သတင်းအချက်အလက်စသည့် (Highly classified material, objects, areas, technologies, researches and information) အထူးလုံခြုံရေးနှင့်ဆိုင်သည့် ကိစ္စရပ်များ၊ ၎င်းတို့ကို ကိုင်တွယ်သုံးစွဲဆောင်ရွက်ရသူများအတွက် ထိခိုက်မှုများ၊ ၎င်းတို့ကို ကိုင်တွယ်သုံးစွဲဆောင်ရွက်ရသူများအတွက် ထိခိုက်မှုများဖြစ်ပေါ်လာပါက ကရုဏာကြေး၊ နစ်နာကြေး၊ အာမခံကြေးများကို ထည့်သွင်းစဉ်းစားပေးပါရန် အကြံပြုတင်ပြအပ်ပါကြောင်း။

ခေတ်မီတိုးတက်သည့် အချို့သောနိုင်ငံများတွင် Information and Communication Technology ကဲ့သို့သော ဥပဒေမျိုးများကို ဖြည့်ဆည်းပြဋ္ဌာန်းလာလျက်ရှိကြပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ရေရှည်မျှော်မှန်းပြီး ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ICT နှင့် ICT ခေတ်လွန်နည်းပညာဆိုင်ရာများကို သင့်လျော်သလိုစဉ်းစားနိုင်ပါရန် တင်ပြအပ်ပါကြောင်း။

အမျိုးသားညီလာခံ စုံညီ အ စည်း အ ဝေး သို့ တက်ရောက် လေ့လာကြသည့် ပြည်တွင်း ပြည်ပ သ တင်း ထောက် များအား တွေ့ရစဉ်။ (သတင်းစဉ်)

အကြံပြုတင်ပြ

လုံခြုံရေးဆိုင်ရာ ဥပဒေများပြဋ္ဌာန်းထိန်းချုပ်သကဲ့သို့ သင်ကြားရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ၊ ကျန်းမာရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ စစ်ဘက်ဆိုင်ရာလုပ်ငန်းများတွင် မလွဲမသွေ ကိုင်တွယ်အသုံးပြုသူများအတွက် ကျန်းမာရေးကိုလည်း ထိခိုက်စေမည်ဖြစ်ပါကြောင်း၊ ဓာတ်သတ္တုပင်ရင်းအခြေအမြစ်များကို လေ့လာကိုင်တွယ် သုံးစွဲသူများအတွက် အသုံးပြုသောအချိန်၊ ရောင်ခြည် အမျိုးအစား၊ ပြင်းအားနှင့် အနီးအဝေးကိုလိုက်၍ ကျန်းမာရေးများ ထိခိုက်တတ်သဖြင့် လုပ်ငန်းခွင် မလွှဲမရှောင်သာ ကိုယ်တိုင်ထိတွေ့ရသူများကို ကရုဏာကြေး၊ နစ်နာကြေး၊ အာမခံကြေးနှင့် စပ်လျဉ်းပြီး သက်ဆိုင်ရာ ဥပဒေများကို ပြဋ္ဌာန်းရာတွင် ထည့်သွင်းသင့်ကြောင်း အကြံပြုအပ်ပါကြောင်း" အကြံပြုတင်ပြသွားပါကြောင်း။

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သော နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့က ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်ပါ အချက်ခုနစ်ချက်အပေါ် ထောက်ခံဆွေးနွေးသွားသည်ကို တွေ့ရှိရပါကြောင်း။

တပ်မတော်အင်အားတောင့်တင်းရေး

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်သော အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့က "စစ်အေးကာလ တိုက်ပွဲများ ပြီးဆုံးချိန်မှစ၍ နိုင်ငံစုံအရေးပါမှု (Multipolar System) ဖြစ်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ခဲ့ကြသော်လည်း တစ်ခုတည်းသော အင်အားကြီးနိုင်ငံစနစ် (Unipolar System) ဖြစ်ပေါ်လာခဲ့ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အလေးထားရမည့် အခြေအနေကို ရောက်ရှိခဲ့ပါကြောင်း၊ ဒေသတွင်း စည်းလုံးညီညွတ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးနှင့် မိမိနိုင်ငံ၏အင်အားကို မိမိအားကိုးရေး၊ မိမိတပ်မတော် အင်အားတောင့်တင်းခိုင်မာရေးတို့ လိုအပ်လာပါကြောင်း။

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်တွင် 'နိုင်ငံတော်ကာကွယ်ရေးအတွက် စီမံပြင်ဆင်ခြင်း၊ စစ်တွင်းကာလတွင် စစ်အောင်နိုင်ရေးနှင့်စစ်အပြီးတွင် စစ်တပ်များကို ထိရောက်စွာ ဖျက်သိမ်းနိုင်ရေးတို့အတွက် စီမံဆောင်ရွက်ခြင်းတို့ ပါဝင်သော ပြည်ထောင်စုနိုင်ငံနှင့်တကွ ပြည်ထောင်စုနိုင်ငံ၏ တစ်စိတ်တစ်ပိုင်းများ၏ ကာကွယ်ရေး'ဟု ဖော်ပြခဲ့ရာ အလွန်ဆီလျော်သင့်မြတ်မှန်ကန်လှပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန်သင့်သည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍဆိုင်ရာ အကြောင်းကိစ္စများနှင့်ပတ်သက်ပြီး အသေးစိတ်အခြေခံသင့်သည့်မူများအဖြစ် အချက်ခုနစ်ချက်သည် အမှန်တကယ်ဆောင်ရွက်သင့်သော အခြေခံမူများဖြစ်ကြောင်း တွေ့ရှိရပါကြောင်း၊ ကမ္ဘာပေါ်ရှိ တိုးတက်နေသော နိုင်ငံတိုင်းတွင်လိုလို နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ ဥပဒေပြုခွင့်အာဏာကို ပြည်သူ့ကိုယ်စားလှယ်များပါဝင်သော နိုင်ငံတော်၏ အမြင့်ဆုံးဖြစ်သည့် ပြည်ထောင်စုလွှတ်တော်က စီမံဆောင်ရွက်ကြစမြဲဖြစ်ပါကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြထားသော နိုင်ငံတော်ကာကွယ်ရေးကဏ္ဍတွင် ပါဝင်သည့် အချက်များသည် ကျိုးကြောင်းဆီလျော်သင့်မြတ်ပါသဖြင့် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းခြင်းအား ထောက်ခံကြောင်း တင်ပြအပ်ပါကြောင်း" ဆွေးနွေးတင်ပြသွားပါကြောင်း။

ထို့ပြင် သီးခြားအကြံပြုချက်အနေဖြင့် "ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍနှင့် ဆက်စပ်ပြီး ငြိမ်းချမ်းရေးလက်နက်ကိုင် တပ်ဖွဲ့များ၏ အနာဂတ်ရေးကိစ္စကို အနည်းငယ်ဆွေးနွေး အကြံပြုလိုပါကြောင်း။

ယနေ့နိုင်ငံတော်နှင့် ငြိမ်းချမ်းရေးရယူထားသည့် တိုင်းရင်းသားအဖွဲ့အစည်းများသည် ဒေသတည်ငြိမ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး၊ နိုင်ငံတော်ကာကွယ်ရေးစသည်တို့တွင် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် လုပ်ငန်းအောင်မြင်မှုများ ရရှိခဲ့သည့်အပြင် ပြည်ထောင်စုကိုလည်း အကျိုးပြုနိုင်ကြောင်း တွေ့ရှိခဲ့ရပါကြောင်း။

အကျိုးပြုအင်အားစု

ထို့ကြောင့် ဤတိုင်းရင်းသားအဖွဲ့အစည်းများသည် ပြည်ထောင်စု၏ အပေါင်းလက္ခဏာအင်အားစု အဖွဲ့အစည်းများလို့ ဆိုရင်လည်းရပါကြောင်း၊ ဤတိုင်းရင်းသားလက်နက်ကိုင်အင်အားစုများကို ဒေသတည်ငြိမ်ရေး၊ အေးချမ်းသာယာရေး၊ နယ်စပ်ဒေသလုံခြုံရေး၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက်နှင့် နောင်တွင်လည်း နိုင်ငံတော်၏ အကျိုးပြုအင်အားစုအဖြစ် ထားရှိသင့်ကြောင်း တင်ပြအပ်ပါကြောင်း၊ ၁၉၉၃ ခုနှစ် အမျိုးသားညီလာခံကြီးက ချမှတ်ပြီးသည့် အခြေခံမူများမှ အချက်တစ်ချက်ဖြစ်သည့် လက်နက်ကိုင်အဖွဲ့အစည်းအားလုံး၏ အကြီးအကဲသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖြစ်သည့်အတွက် ဤတိုင်းရင်းသားလက်နက်ကိုင်အင်အားစုအဖွဲ့အစည်းများကို နောင်အနာဂတ်တွင်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ စီမံခန့်ခွဲမှုအောက်တွင် သင့်လျော်သည့်အစီအမံများဖြင့် ထားရှိဆောင်ရွက်ပေးပါရန် အကြံပြုလိုပါကြောင်း။

တခြားအကြံပြုဆွေးနွေးလိုသည့် အချက်တစ်ရပ်မှာ အဏုမြူစွမ်းအင်ကိစ္စပင်ဖြစ်ပါကြောင်း၊ ယနေ့ကမ္ဘာတွင် နိုင်ငံတကာက အဏုမြူစွမ်းအင်ကို ကာကွယ်ရေး၊ စစ်ရေးအတွက် အသုံးပြုခြင်းကို လက်ခံခြင်းမပြုဘဲ ဆန့်ကျင်နေကြပါကြောင်း၊ ထို့ကြောင့်'အဏုမြူစွမ်းအင်၊ အဏုမြူလောင်စာ၊ အဏုမြူရောင်ခြည်နှင့် ယင်းတို့ကို ဖြစ်ထွန်းစေသော ဓာတ်သတ္တုပင်ရင်းအခြေအမြစ်များ'ဟူသော အခြေခံမူကို ကာကွယ်ရေးနှင့်လုံခြုံရေးကဏ္ဍအောက်၌ ထားရှိခြင်းအားဖြင့် နိုင်ငံတကာက ဝေဖန်စရာဖြစ်လာနိုင်သဖြင့် ကာကွယ်ရေးနှင့်လုံခြုံရေးအောက်တွင် ထားရှိမည့်အစား စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍသို့ ပြောင်းရွှေ့ထည့်ရန် သင့်ပါကြောင်း အကြံပြုတင်ပြလိုပါကြောင်း" ဆွေးနွေးအကြံပြုသွားသည်ကို လေ့လာတွေ့ရှိရကြောင်းဖြင့် တင်ပြသွားသည်။

ယင်းနောက် နေ့လယ်စာသုံးဆောင်ရန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

အစည်းအဝေးခေတ္တရပ်နား

ထို့နောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို မွန်းလွဲ ၁နာရီတွင်ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ တင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိများဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လောနှင့်ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှတို့က ရှင်းလင်းတင်ပြကြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

ဆက်လက်၍ စုံညီအစည်းအဝေးကို ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခ)ဦးလှမြင့်က ရှင်းလင်းတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ ၂နာရီခွဲတွင် ရပ်နားလိုက်သည်။

အဆိုပါအမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

မဟာဒွါရဂိုဏ်းလုံးဆိုင်ရာမဟာသန္နိပါတ သံဃာ့အစည်းအဝေးပွဲကြီးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဓမ္မာနုဓမ္မမဟာဒွါရ နိကာယဂိုဏ်းလုံးဆိုင်ရာ မဟာနာယက ပူဇော်ပွဲသဘင်နှင့် မဟာသန္နိပါတ သံဃာ့အစည်းအဝေးပွဲကြီးကို ဧရာဝတီတိုင်း ဟင်္သာတမြို့ ဆယ်ထပ်ကြီးဘုရား ပရိဝုဏ်အတွင်း သာသနဗိမာန်တော်ကြီး၌ တပို့တွဲလပြည့်ကျော် ၇ရက်နှင့် ၈ရက်(မတ် ၂ရက်နှင့် ၃ရက်)များတွင် ဆင်ယင်ကျင်းပပြုလုပ်မည်ဖြစ်ရာ ၁၃၆၆ခုနှစ် တပို့တွဲလပြည့်ကျော်၆ရက် (မတ် ၁ ရက်) အရောက် ကြွရောက်တော်မူကြပါရန် ပင့်စာများကို ပေးပို့ထားပြီးဖြစ်ကြောင်းနှင့် ပင့်စာမရရှိပါကလည်း ကြွရောက်တော်မူကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီတာဝန်ကျေပွန်စွာထမ်းဆောင် ဝန်ကြီးဗိုလ်ချုပ်စိန်ထွား သံတွဲမြို့နယ်ဝန်ထမ်းများနှင့်တွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများ၊ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင်တို့ လိုက်ပါလျက် ဖေဖော်ဝါရီ၁၅ ရက် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့နယ် မီးသတ်စခန်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မီးသတ်ဦးစီးဌာနတို့မှ ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံသည်။ (အပေါ်ပုံ)

တာဝန်ကျေပွန်

ဝန်ကြီးက ဝန်ထမ်းများစည်းကမ်းသေဝပ်ရေး၊ စိတ်ဓာတ်ကောင်းမွန်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် မွေးမြူရေး၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ကျေပွန်စွာ ထမ်းဆောင်ရေး၊ မီးဘေးကြိုတင် ကာကွယ်ရေးတို့အတွက် အလေးအနက်မှာကြားသည်။

ထို့နောက် မီးသတ်စက်ယာဉ်များ ကြံ့ခိုင်ရေးအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။ ဆက်လက်၍ ဝန်ကြီးသည် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနရုံးသို့ ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လောကချမ်းသာအဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး စတုတ္ထအကြိမ် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြဆွေးနွေးကြရာ အစည်းအဝေး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်က လုပ်ငန်းလိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပဲခူးမြို့စိန်သာလျောင်း ဗုဒ္ဓပူဇနီယပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပဲခူးမြို့ သမိုင်းဝင် စိန်သာလျောင်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ၂၀ရက်မှ၂၃ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး၊ သစ်သီးတို့ဖြင့် ပူဇော်ပြီး ပဋ္ဌာန်းရွတ်ဆိုပွဲကျင်းပမည်။ ပဲခူးမြို့ ဓမ္မာလင်္ကာရ ကျောင်းတိုက် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိသုဒ္ဓဆရာတော်ကြီးကို အမှူးထား၍ ဩဝါဒါစရိယ ဆရာတော်ကြီးများ အပါအဝင်သံဃာတော်၁၀ဝပါးတို့အား ဆွမ်းဆန်စိမ်း လောင်းလှူ၍ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနေကဇာတင်ပွဲ ပြုလုပ်ပြီး ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ တပို့တွဲလပြည့်နေ့ မွန်းလွဲ၂နာရီတွင် လှူဖွယ်ပစ္စည်းအမျိုးမျိုးကို လာရောက်လောင်းလှူနိုင်ကြကြောင်းသိရသည်။**(က–ပ)**

နှစ်(၆၀)ပြည့်တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲ တပ်မတော်စစ်သမိုင်းပြတိုက်၌ ပြခန်းများပြသရန်ပြင်ဆင်

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲ ခင်းကျင်းပြသရန် တပ်မတော်စစ်သမိုင်းပြတိုက်ရှိ ပြခန်းများအား ပြင်ဆင်မွမ်းမံလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၁၇

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲ ခင်းကျင်းပြသရန် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ပြခန်းများကို ပြင်ဆင်မွမ်းမံလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် အမှတ်(၁)စက်မှုဝန်ကြီးဌာနပြခန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနပြခန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနပြခန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနပြခန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြခန်းများအပါအဝင် ဝန်ကြီးဌာန ပြခန်းများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ပြခန်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ပြခန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ပြခန်းအပါအဝင် တိုင်းစစ်ဌာနချုပ်ပြခန်းများ၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးပြခန်းများနှင့် နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ် ပြခန်းတို့ကို ယနေ့နံနက်ပိုင်းတွင် အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်မွမ်းမံလျက်ရှိရာ တာဝန်ရှိသူများက ကြပ်မတ်စစ်ဆေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ့ဆေးဆရာဝန်များ ညီလာခံဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

(၆)ကြိမ်မြောက် မြန်မာနိုင်ငံ မေ့ဆေးဆရာဝန်များ ညီလာခံဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈နာရီတွင် မြန်မာနိုင်ငံ ဆရာဝန်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်များအသင်းဝင် မေ့ဆေးဆရာဝန်ကြီးများ၊ အဖွဲ့ဝင်အသင်းသားများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ အလားတူ မြန်မာနိုင်ငံဆရာဝန်အသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးသိန်းအောင်၊ မြန်မာနိုင်ငံမေ့ဆေးဆရာဝန်များအသင်း ဥက္ကဋ္ဌ ဌာနမှူး ဒေါက်တာတင်မြင့်တို့ ကလည်းကောင်း၊ ဧည့်ခံကြိုဆိုရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်မြင့်မြင့်အေးတို့က အသီးသီးအမှာစကားပြောကြားပြီးနောက် ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍မြန်မာနိုင်ငံ မေ့ဆေးဆရာဝန်များညီလာခံ ဆွေးနွေးပွဲ (Academic Session)အစီအစဉ်များကို ဆက်လက်ကျင်းပရာ ပထမပိုင်းတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံမေ့ဆေးဆရာဝန်များအသင်း ဥက္ကဋ္ဌပါမောက္ခဌာနမှူး ဒေါက်တာတင်မြင့်ကဆောင်ရွက်သည်။ ထို့နောက် ပညာရေးရာကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမောင်က အဖွင့်အမှာစကား ပြောကြားပြီး အခမ်းအနားအစီအစဉ် အရ ဆက်လက်ကျင်းပရာ စာတမ်းရှင်ငါးဦးက ဆွေးနွေး တင်ပြကြသည်။

(သတင်းစဉ်)

(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ဂုဏ်ပြု အင်ပူ–နောက်မီးလမ်းကျေးလက်ကျောက်ချောလမ်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အင်ပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးခဲ့သော အင်ပူ–နောက်မီးလမ်း ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ရက် နံနက်ပိုင်းတွင် အဆိုပါလမ်းရှိ မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်ချီးမြှင့် အမှာစကားပြောကြားပြီး တာဝန်ခံအင်ဂျင်နီယာ ဦးလှဦးက လမ်းနှင့် ပတ်သက်သည်များ ရှင်းလင်းတင်ပြသည်။

အခမ်းအနားတွင် အင်ပူ–နောက်မီးလမ်းကျေးလက်ကျောက်ချောလမ်းအား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသစ်လွင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးမြတ်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်စိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(နယ်စပ်/စည်ပင်)**

မြဝတီရုပ်မြင်သံကြား

၁၈–၂–၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Contemporary Western Philosophy Pragmatism (ဒုတိယနှစ်–ဒဿနိကဗေဒ အထူးပြု)
၅:၁၅ ၉။ ပညာခေတ်
၅:၂၅ ၁၀။ Goal Show အစီအစဉ်
၅:၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ **“ထူးခြားသောကလေးငယ်”** ကာတွန်းဇာတ်လမ်း (အပိုင်း–၂၄)
၆:၅၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရင်မှာတိုးဝှေ့မွှေးနေဆဲ”** (အပိုင်း–၆)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ မြန်မာ့ရှုခင်း
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ပညာဉာဏ်ကြီး ဘုန်းမီးနေလ”** (အပိုင်း–၂၀)

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ယနေ့ မြန်မာစံတော်ချိန် ၁၂နာရီ ဝ၆မိနစ် ဝ၄စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အနောက်တောင်ဘက် မိုင်၁၀၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်ပနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ၉အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင် တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက ယနေ့ထုတ်ပြန်သည်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မကွေးတိုင်း၊ မကွေးမြို့နယ်၊ ကန်သစ်ကျေးရွာနေ
ဦးအောင်ငြိမ်း–(ဒေါ်တင်ညို)တို့၏သား

ဗိုလ်ကြီးမြင့်ဆွေ B.Sc (D.S.A), P.D.C.S (First Semester)

(ဒုတိယညွှန်ကြားရေးမှူး၊ ဝန်ထမ်းရေးရာဦးစီးဌာန၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့)
နှင့်
မန္တလေးတိုင်း၊ မြစ်သားမြို့နယ်၊ ကူမဲမြို့၊ ရွှေသူဌေးရပ်နေ
ဦးရွှေ–ဒေါ်မြသင် (ဦးရွှေနှင့်သားများ စိန်၊ ရွှေရတနာရောင်းဝယ်ရေး)၊
ကျောက်ဆည်မြို့၊ ပြည်လုံးနိုင်ရပ်နေ (ဦးစိန်မောင်)–ဒေါ်နီနီတို့၏မြေး၊
ကူမဲမြို့၊ ရွှေသူဌေးရပ်နေ ဦးမြင့်အောင်–ဒေါ်ခင်အုန်းမြင့်
(မိဘဂုဏ်ရွှေဆိုင်နှင့် ဘတ္တရီ၊ လျှပ်စစ်ပစ္စည်းရောင်းဝယ်ရေး)တို့၏သမီး

မနှင်းဝေဝေအောင်(ခ)အငယ်လေး Final Year (Botany)

တို့သည် ၁၂–၂–၂၀၀၅ရက်တွင် နှစ်ဖက်သောမိဘများ၏ခွင့်ပြုချက်အရ လူကြီးမိဘဆွေမျိုးများနှင့် မိတ်သင်္ဂဟများရှေ့မှောက်၌ နှစ်ဦးသဘောတူ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးမြင့်ဆွေ–အငယ်လေး။

ရှင်ရာဟုလာ

– အမျိုး ဘာသာ သာသနာ
– လူ့လောက အမြင်
– ပိဋကတ်လာ–စိတ်တန်ခိုးနှင့် အကြားအမြင်

ဂုဏ်ထူးစာပေ၊ ၃၃လမ်း၊ အမှတ် ၁၇၀၊ ရန်ကုန်မြို့။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ဟွန်ဒိုင်းအမျိုးအစား မော်တော်ယာဉ်အမှတ် ၁က/၈၁၆၄အား ချိပ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ တင်ဒါစည်းကမ်းချက်များကို တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် အမှတ် ၂၁၂၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၌ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၇ရက်မှ စတင်ဝယ်ယူနိုင်ပါသည်။



ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မွန်ပြည်နယ် သထုံမြို့နယ် သိမ်ဆိပ် သာသနာအခြေခံပညာ မူလတန်းကျောင်းနှင့် ကျိုက်ကော် အင်းထိပ် အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားများကို ဖေဖော်ဝါရီ ၁၂ရက် နံနက်က ကျင်းပပြီး ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲကို ကျိုက်ကော် အထက်တန်းကျောင်း ရွှေရတုခန်းမ၌ကျင်းပရာ အလှူရှင်များကိုယ်စား ကျောင်းအကျိုးတော်ဆောင် ဦးအေးလွင်က အမှတ်(၁) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး(စီမံ)သို့ ကျောင်းဆောင်သစ်များနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။**(အောက်ပုံ)** **(က–ပ)**

ကလေးနာမည်ပေး
ဆရာကြီးရာဇာဇော်ဝင်း
(LL.B)နှင့်ဆက်သွယ်ပါ။
ဖုန်း–၀၁–၃၇၈၆၄၉
တိုက်အမှတ် ၁၇၊ အခန်း ၅၊ မြေညီထပ်၊ ဦးဝိစာရအိမ်ရာ(မင်းမနိုင်)၊ဒဂုံမြို့နယ်။ ရန်ကုန်မြို့။ (ပိတ်ရက်မရှိ)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(စက်မှုလက်မှု)မြေကွက်အမှတ် ၅၀၊ ဦးစောလင်းထွန်း အမည်ပေါက် နှစ် ၆၀ဂရန်မြေကွက်ကို အမှတ် ၄၀၊ ၆၇လမ်းဗိုလ်တထောင်မြို့နယ်နေ ဦးလှဝင်း ၁၂/ဗတထ(နိုင်) ၀၂၆၀၈၁ က အမည်ပြောင်းခွင့် လျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

အမည်ပြောင်းခြင်း

အဖဦးကျော်ဝင်း၏သမီး အထက(၂)လသာ၊ ဆဋ္ဌမတန်း(ဂ)မှ မထက်ထက်အောင်အား မနှင်းလဲ့ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မနှင်းလဲ့ခိုင်။**

ကန့်ကွက်နိုင်ပါသည်

မော်တော်ဆိုင်ကယ် တက/၁၉၄၁ ဟွန်ဒါဒရင်းဆိုင်ကယ် လက်ဝယ်ရှိသူက မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ၁၅ရက်အတွင်းကညန၊ပြည်နယ်ရုံး(တောင်ကြီး)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ပြည်နယ်ရုံး(တောင်ကြီး)။**



ကန့်ဘလူမြို့နယ် အောင်သစ္စာလမ်း ကတ္တရာလမ်းသစ်ဖွင့်

ကန့်ဘလူ ဖေဖော်ဝါရီ ၁၅

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ကန့်ဘလူမြို့ အောင်သစ္စာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက်၉နာရီက အဆိုပါလမ်းထိပ်မုခ်ဦးတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကိုလတ်ကအောင်သစ္စာလမ်း ကတ္တရာလမ်းသစ်နှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် လမ်းကို ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးစိုးဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ယခုဖွင့်လှစ် သည့် အောင်သစ္စာလမ်း ကတ္တရာလမ်းသစ်သည် အရှည် ၂၇၃၅ပေ၊ အကျယ် ၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ် ၂၇၀၀၀၀၀နှင့် နိုင်ငံတော်က ထောက်ပံ့ခွင့်ပြုငွေကျပ် ၃၂၄၀၀၀၀ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု
ကျောက်တံခါးမြို့နယ် နီလာလမ်း ကျောက်ချောလမ်းဖွင့်

ကျောက်တံခါး ဖေဖော်ဝါရီ ၁၂

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ကျောက်တံခါးမြို့နယ် နီလာလမ်း(မြို့ပြ) ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၈နာရီက အဆိုပါလမ်းမုခ်ဦးရှေ့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော် ဆန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် နီလာလမ်းအပါအဝင် ဗိုလ်ချုပ်လမ်း ကျောက်ချောခင်းခြင်း အရှည်ပေ ၄၂၀၊ အကျယ် ၁၀ပေနှင့် မြို့ပြလမ်းနှစ်လမ်း၊ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းအနေဖြင့် ပဲနွယ်ကုန်း-ကြိမ်ခါးကုန်း ဂဝံလမ်း အရှည် ၉၁၅ ပေ၊ အကျယ် ၁၀ ပေ၊ ကညင်ကျိုး-ရွာမ-ပိန်းဇလုပ် ဂဝံလမ်း အရှည်၇၈၅ပေ၊ အကျယ် ၁၀ ပေ၊ သုဋ္ဌေးကုန်း-တောင်ခင် ဂဝံလမ်းအရှည် ၈၃၅ပေ၊ အကျယ် ၁၀ ပေ၊ ဘိုးပိုက်ဆံ (၃)လမ်း ကျောက်ချောလမ်း အရှည် ၇၉၂ ပေ၊ အကျယ်၁၀ပေနှင့် ဇောဓိကွင်း-ဖျံတလင်း မြေသားလမ်း အရှည်ပေ ၇၉၂၀၊ အကျယ် ၁၆ ပေ တို့အား အဖွဲ့ရန်ပုံငွေမှ ကျပ် ၁၀၅ သိန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ခရမ်းမြို့နယ်တွင် စက်ရေတွင်းတူးဖော် ရေစမ်းသပ်မှုတ်ထုတ်မှု ကြီးကြပ်ဆောင်ရွက်ပေး

ခရမ်း ဖေဖော်ဝါရီ ၈

ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း၌ နှစ်လက်မစက်ရေတွင်းများကို အရှိန်အဟုန်မြှင့် တူးဖော်ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ခရမ်းမြို့နယ်တာဝန်ခံ)မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း လှူဒါန်းသည့် ခရမ်းမြို့နယ် အမှတ်(၂)ရပ်ကွက် မင်းလမ်းထိပ်တွင် တူးဖော်သည့် နှစ်လက်မစက်ရေတွင်းမှ ရေစမ်းသပ်မှုတ်ထုတ်နေမှုကို ဖေဖော်ဝါရီ၁ရက်က လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးအောင်ကျော်စိုးနှင့်အဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ စက်ရေတွင်းမှာ အနက်ပေ၅၀၀ဖြစ်ပြီး တစ်နာရီလျှင် ရေထွက်နှုန်း ဂါလန် ၁၂၀၀ထွက်ရှိကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဖေဖော်ဝါရီ ၉ရက်က သနပ်ပင်မြို့နယ် ဘူတာပိုင်းရပ်ကွက်ရှိ အားကစားရုံလမ်း အမာခံကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် အမှုဆောင်အရာရှိ ဦးမြင့်ဝေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပင်လောင်းမြို့နယ်တွင် ကျေးလက် ရေစုကန်ဖွင့်

ပင်လောင်း ဖေဖော်ဝါရီ ၁၃

(၅၈)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပင်လောင်းမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မင်းဘူးကျေးရွာ ရေစုကန်ဖွင့်ပွဲအား ဖေဖော်ဝါရီ ၆ရက်က အဆိုပါ ရေကန်အနီး၌ ကျင်းပသည်။

မင်းဘူးကျေးရွာ ရေစုကန်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစောလှဦး၊ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းဆိုင်နွံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။**(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

ဂန့်ဂေါမြို့နယ် ရှုံးရှီရွာစာကြည့်တိုက် နှစ်(၅၀)ပြည့် ရွှေရတုကျင်းပ

ဂန့်ဂေါ ဖေဖော်ဝါရီ ၅

ဂန့်ဂေါမြို့နယ် ရှုံးရှီရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၏ နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကို ဇန်နဝါရီ ၂၀ရက်က ရှုံးရှီရွာ လယ်တီဘုန်းတော်ကြီး ကျောင်းဝင်း၌ကျင်းပသည်။

အခမ်းအနားတွင် ဂန့်ဂေါခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီးအရာရှိ ဦးကျော်သန်းထွန်းတို့က အမှာစကားများပြောကြားကြပြီး ကျေးရွာဥက္ကဋ္ဌ ဦးမြို့အောင်က ကျေးရွာစာကြည့်တိုက်အကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးလှဆွေနှင့်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မြင့်တို့က စာအုပ်များကို လည်းကောင်း၊ ခရိုင်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သန်းထွန်းက တိုင်ကပ်နာရီတစ်လုံးကို လည်းကောင်း စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် စာကြည့်တိုက်နှစ် (၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် စာစီစာကုံး ပြိုင်ပွဲဆု၊ ကဗျာ၊ဆောင်းပါး ပြိုင်ပွဲဆု၊ ပုံပြောပြိုင်ပွဲဆု၊ ကျပန်း စကားပြော ပြိုင်ပွဲဆုနှင့် စကားရည်လု ပြိုင်ပွဲတွင် ဆုရရှိကြသူများကို တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြသည်။ **(၂၇၃)**

ကျိုက်ထိုမြို့နယ်စည်ပင် သုခလမ်း ကတ္တရာခင်း

ကျိုက်ထို ဖေဖော်ဝါရီ ၃

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုအောက်ရှိ ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြည်တော်သာလမ်း တစ်ဖက်နှစ်ပေစီ တိုးချဲ့ခြင်းလုပ်ငန်း၊ ကံ့ကော်ရပ်ကွက် သုခလမ်း ကတ္တရာခင်းခြင်း အရှည် ၅၃၅ ပေ၊ အကျယ် ၁၂ ပေ၊ သိမ်ဆိမ့်ပင်-ခလွန်လမ်း ဂဝံခင်းခြင်း၊ သိမ်ဇရပ်-ဇီးပြောင်း(၅)ကျေးရွာမြေသားလမ်း အရှည်နှစ်မိုင်၊ အကျယ် ၁၅ပေ၊ မုပ္ပလင်-ခွပ္ပနူးလမ်းပေါ်ရှိ အုတ်-သစ်သားတံတား အရှည်ပေ ၄၀၊ အကျယ် ၁၂ ပေတို့အား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(က-ပ)**

အမြို့မြို့ အနယ်နယ် သတင်းများ

မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်

ပန်းတနော် ဖေဖော်ဝါရီ ၅

ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူး၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းရီနှင့်အဖွဲ့ ဇန်နဝါရီ ၃၀ ရက် မွန်းတည့် ၁၂ နာရီက မြို့မအလယ်ပိုင်းရပ်ကွက် စုပေါင်းရုံးရှေ့နှင့် မြို့နယ်စည်ပင်သာယာရေး ဈေးရှေ့တို့တွင် မီးသတ်ကားနှစ်စီးဖြင့် မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြ လေ့ကျင့်မှုများ ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ ပဲခူး၌ ကျင်းပ

ပဲခူး ဖေဖော်ဝါရီ ၁၂

ပဲခူးမြို့ ဆရာဝန်အသင်းခန်းမတွင် ဖေဖော်ဝါရီ ၁၀ရက် နံနက်၉နာရီက ဒုတိယအကြိမ်မြောက် အနာကြီးရောဂါ ကင်းဝေးရေးအထိမ်းအမှတ်နေ့ အခမ်းအနားကို ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ပဲခူးခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးအောင်မင်းက အဖွင့် အမှာစကား ပြောကြားပြီး ပဲခူးတိုင်းကျန်းမာရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာ ဌေးအောင်က ဒုတိယအကြိမ်မြောက် အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့အဖြစ် ကျန်းမာရေးဝန်ကြီးမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။**(အပေါ်ပုံ)**

ပြန်လည်ဆွေးနွေး

ထို့နောက် ပဲခူးတိုင်း အနာကြီးရောဂါတိုက်ဖျက်ရေးဌာန၊ ဒေသန္တရအရာရှိ ဒေါက်တာမျိုးဝင်းက ပဲခူးတိုင်း (အရှေ့ပိုင်း)၏ အနာကြီးရောဂါ အခြေအနေနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြရာ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဇန်နဝါရီ ၂၉ရက်က ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(သန့်) ဦးမြင့်မြတ် ဦးဆောင်သောစည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက မြို့သန့်ရှင်းသာယာရေးအတွက် လမ်းမကြီးများနှင့် လမ်းသွယ်များတွင် အမှိုက်များ ရှင်းလင်းခြင်းနှင့် ရပ်ကွက်ရှိ နေအိမ်များမှ အမှိုက်များ သိမ်းဆည်းခြင်း ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

တိုက်ကြီးမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိပြန့်ပွားရေး စာမေးပွဲနှင့် တရားပွဲများကျင်းပမည်

တိုက်ကြီး ဖေဖော်ဝါရီ ၁၀

နိုင်ငံတော်သြဝါဒါစရိယ တိုက်ကြီးမြို့ ပြည်သဒ္ဓမ္မဇောတိကာရုံ စာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ မြို့နယ်ပရိယတ္တိပြန့်ပွားရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တဥာဏဝံသ ဦးဆောင်၍ မြို့နယ်သံဃနာယကအဖွဲ့နှင့် မြို့နယ်ပရိယတ္တိပြန့်ပွားရေးအဖွဲ့တို့က ကြီးမှူးကျင်းပသော တိုက်ကြီးမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိပြန့်ပွားရေးစာမေးပွဲကို တိုက်ကြီးမြို့နယ် ပြည်သဒ္ဓမ္မဇောတိကာရုံစာသင်တိုက်၌ မတ် ၇ရက်မှ ၁၁ရက်အထိ ငါးရက် တိုင်တိုင်ကျင်းပမည်ဖြစ်သည်။

ညတရားပွဲများအဖြစ် ဖေဖော်ဝါရီ၄ရက်နှင့် ၁၅ရက်တွင် ပေါင်းတလည်မြို့ သရက်တောကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇနိယ ဆရာတော်၊ မတ် ၈ရက်နှင့် ၉ရက်တွင် ရန်ကုန်မြို့ ခြောက်ထပ်ကြီးတိုက် ရွှေဘုန်းမြင့်ကျောင်း ဆရာတော်ဘဒ္ဒန္တသြဘာသ(သာသနာ့တက္ကသိုလဓမ္မာစရိယ၊ ဘီအေ)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး မတ် ၁၁ရက် မွန်းလွဲပိုင်းတွင် စာအောင်ဆုနှင်းပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇန်နဝါရီ ၁၀ရက်က ထေရဝါဒဗုဒ္ဓသာသနာအဆုံးအမ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်ဖြင့် အေအိုင်ဒီအက်စ်ရောဂါကာကွယ်တားဆီးရေး သင်တန်းတွင် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းနှင့် မိတ္ထီလာမြို့များမှ သင်တန်းသား ကျောင်းဆရာ၊ ဆရာမများအား ပျဉ်းမနားမြို့ ထေရဝါဒ ဗုဒ္ဓသာသနာ ပြန့်ပွားရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဝင်းက သင်တန်းဆင်း လက်မှတ် ပေးအပ်ချီးမြှင့်စဉ်။ (၁၀၁)

တာချီလိတ်ခရိုင်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

တာချီလိတ် ဖေဖော်ဝါရီ ၁၀

၂၀၀၄ခုနှစ် တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၂ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ရွှေရောင်အနာဂတ်ဘောလုံးအသင်းနှင့် တာလေမြို့ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရွှေရောင်အနာဂတ်ဘောလုံးအသင်းက အနိုင်ရဗိုလ်စွဲသွားသည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲတွင် ပထမဆုရ ရွှေရောင်အနာဂတ် ဘောလုံးအသင်းအားဆုဖလားကို ဗိုလ်မှူးကြီးမြင့်ဟန်က လည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းတင့်စိုးက ပထမဆုရအသင်းအား ငွေသား ကျပ်၁၅၀၀၀၀နှင့် တစ်ဦးချင်းဆုများအား လည်းကောင်း၊ ဒုတိယရဲမှူးကြီး အောင်ဆန်းဦးက ဒုတိယဆုရတာလေမြို့ ဘောလုံးအသင်းအား ငွေသားဆု ကျပ်၁၀၀၀၀၀နှင့် တစ်ဦးချင်းဆုများကို လည်းကောင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဗိုလ်မှူးမင်းဇော်က နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

(၄၂၀)

မြန်မာ့အသံ

၁၉-၂-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

နေ့လယ်ပိုင်း

၀၉း၄၅ အာဆီယံအစီအစဉ်
၁၀း၀၅ အာယုနှင့် သာစုဆွေးနွေးခန်း
၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ပြည်ပသွင်းကုန် အစားထိုး ဘရိတ်ကလပ်ဆိုင်ရာအစိတ်အပိုင်းများထုတ်လုပ်မှု)
၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း
(၁)ပင်လုံသက်သေ(ခေါင်းကြီး)
(၂)နွေးထွေးချစ်ကြည် (ဆောင်းပါးသရုပ်ဖော်)
၁၂း၀၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်း
၁၂း၁၀ ကလေးများအတွက် အင်္ဂလိပ်စာ
၁၃း၁၀ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)

ညနေပိုင်း

၁၇း၀၀ ဆို၊က၊ရေး၊တီးပြိုင်ပွဲဆုရအစီအစဉ် (ရခိုင်ပြည်နယ်မှ ဦးစန်းလွင်နှင့် မွန်ပြည်နယ်မှ ဦးမျိုးမင်းဝင်း၏ ဓမ္မပူဇာတေး)
၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၇း၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (အိုသော်လည်းစွမ်းဖို့ အားကစားနှင့် လေ့ကျင့်စို့)
၁၈း၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက်
၁၉း၁၅ (Eagle တေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သော အနိုင်၏ ခံစားမှုပြန်ဆိုတေးစု)
၂၀း၃၀ English Lesson Working Knowledge
၂၀း၄၅ တေးသံစုံ(မြန်မာ့အသံအဖွဲ့)

ကြည့်ရှုစစ်ဆေး

မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင် စဉ့်အိုးသွားလမ်း ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဇန်နဝါရီ ၂၀ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တက္ကသိုလ်ဝင်တန်းစာမေးပွဲနှင့် စပ်လျဉ်း၍ မြို့နယ်အဆင့်ဆွေးနွေးပွဲ ကျောက်ပန်းတောင်း၌ ကျင်းပ

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၀

ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ဝင်တန်း စာမေးပွဲနှင့် စပ်လျဉ်း၍ မြို့နယ်အဆင့်ဆွေးနွေးပွဲသင်တန်းကို ကျောက်ပန်းတောင်းမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း စကားဝါခန်းမတွင် ဇန်နဝါရီ ၂၉ ရက် နံနက်က ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် မြို့နယ်ပညာရေးမှူးဒေါ်အကြူ၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းရင်နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေပေါ်တို့က တာဝန်ထမ်းဆောင်ကြမည့် စာမေးပွဲကြီးကြပ်ရေးမှူးနှင့်လက်ထောက်ကြီးကြပ်ရေးမှူးများအား စာဖြေကျောင်းသားကျောင်းသူများ လိုက်နာရန် စည်းကမ်းချက်များကို ရှင်းလင်းဆွေးနွေးကြသည်။ **(ဝ၆၁)**

လက်တွေ့သရုပ်ပြ

မြဝတီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဘုရင့်နောင်ဈေးရှေ့တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇန်နဝါရီ ၁၅ ရက်က မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြလေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဖိလစ်ပိုင်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မဒမ် ဂလိုရီယာ မာဂါပါဂဲလ် အာရိုယို၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင် သမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံစုံညီအစည်းအဝေး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ စတင်ကျင်းပ ညီလာခံကိုယ်စားလှယ် ၁၀၇၅ ဦးတက်ရောက်၍ ၉၉ ဒသမ ၄၄ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေးအထမြောက်

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အဖွင့်မိန့်ခွန်းပြောကြား



ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်သောပါတီစုံ ဒီမိုကရေစီစနစ်ထွန်းကားရေး၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊ အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးဟူသည့် အမျိုးသားညီလာခံ ဦးတည်ချက်များဖြင့် ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်မှ ဇူလိုင်လ ၉ ရက်အထိ ကျင်းပခဲ့ပြီး ခေတ္တရပ်နားခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ပြန်လည်၍ စတင်ကျင်းပသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✡

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အဖွင့်မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

မူဝါဒလမ်းစဉ် (၇) ရပ် အပြည့်အဝအောင်မြင်သည်အထိ ကြိုးစားသွားမည်

❒ လောကသဘာဝအတိုင်း အဖျက်အမှောင့်တွေ အဖျက်သမားတွေဟာ ရှိစမြဲဖြစ်ပါတယ်။ ယနေ့ပြည်တွင်း ပြည်ပအဖျက်သမားတွေဟာ လက်ရှိ လျှောက်လှမ်းနေတဲ့ အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်က သွေဖည်သွားစေဖို့ သဘောဆိုးနဲ့ အမျိုးမျိုး သပ်လျှိုသွေးခွဲနေကြချိန်လဲ ဖြစ်ပါတယ်။

❒ တပ်မတော်ကတော့ သမိုင်းစဉ်တစ်လျှောက်မှာ တိုင်းရင်းသားပြည်သူတွေရဲ့ အကျိုး စီးပွားကို ဘယ်တော့မှ မျက်ကွယ်ပြုမှာမဟုတ်သလို တိုင်းရင်းသား ပြည်သူတွေရဲ့ တရားတဲ့ ရည်ရွယ်ချက်တွေ၊ မျှော်မှန်းချက်တွေ ဆန္ဒတွေ အောင်မြင်မှုရအောင် မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်ရှိပြီး ရိုးသားတဲ့ တိုင်းရင်းသား ပြည်သူတွေနဲ့ သေအတူရှင်မခွဲ ခိုင်ခိုင်မြဲမြဲလက်တွဲပြီး နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်ကို အပြည့်အဝအောင်မြင်မှုရတဲ့အထိ ကြိုးစားသွားဖို့ အလေးအနက် သန္နိဋ္ဌာန်ချထားပြီး ဖြစ်ပါတယ်။

18-2 (20).p65 20 3/27/05, 7:05 PM